# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၁) ရက် ၊ တနင်္လာနေ့ ၊ (11-9-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

**စာမျက်နှာ ၁၈ ကော်လံ ၁ ☞**

**လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**


**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ ( ထိုင်း )၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY anywhere anytime anyone

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၂
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ရတနာပုံ
၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုး

"ဥတုရာသီ တောကိုမှီ" ဆိုသည့်စကားအတိုင်း နေ့စဉ်မိုးလေဝသအခြေအနေများ နှစ်အလိုက်ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုအခြေအနေများသည် သစ်တောသစ်ပင်များအပေါ် များစွာတည်မှီလျက်ရှိပေသည်။ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်တောသစ်ပင်များက စုပ်ယူပြီး ရာသီဥတုမျှတကောင်းမွန်လာစေရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်များ တည်ငြိမ်စေရေးကိုလည်း အထောက်အကူပြုလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် သစ်တောသစ်ပင်များတိုးပွားဖြစ်ထွန်းလာစေရန် သစ်ပင်များစိုက်ပျိုးကြရမည်ဖြစ်ပေသည်။


**"သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်၊ သက်ရှိများ၏ ဂေဟစနစ်နှင့် လူနေမှုစနစ်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ သစ်တောသစ်ပင်များကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသကဲ့သို့ ပြန်လည်စိုက်ပျိုးကြရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးမှုများကို ပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊"** ၂၀၁၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများကျင်းပခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် စတုတ္ထအကြိမ်သစ်ပင်စိုက်ပျိုးပွဲထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၄၀၀၁ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်ကို တွေ့ရသည်။

သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်ပြီး ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်ကို ရရှိခံစားနိုင်ကာ အသက်ရှည်ကျန်းမာကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်ပေသည်။ သစ်တောသစ်ပင်များသည် သစ်နှင့် ဝါးကြိမ်၊ ဆေးဖက်ဝင်ပင်အပါအဝင် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ပံ့ပိုးပေးနေသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ သက်ရှိလောက တည်မြဲစေရန်၊ ရာသီဥတုမျှတရန်၊ ထာဝရကုသိုလ်ရယူရန် စသောအကျိုးကျေးဇူးများစွာကိုလည်း သစ်တောသစ်ပင်များက ပံ့ပိုးပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ထည့်သွင်းရန်နှင့် သစ်တောသယံဇာတများကို ထိန်းသိမ်းကာကွယ်ရန်လိုပေသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်အတွက် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများတွင် ပြည်သူတစ်ရပ်လုံးကလည်း တက်ကြွစွာ ဝိုင်းဝန်းပူးပေါင်းပါဝင်စိုက်ပျိုးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၇၈၇၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံဒေသက ဘုရားဖူးတွေ အများအပြားလာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကကောကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ရာသီဥတုသာယာရင်တော့ တက်ရောက်ဖူးမြော်သူတွေ များပြားတာကိုတွေ့ရပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၁၀၅၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၃၄၂၇၄ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၅၀၈ ဦး လာရောက် ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကင်းတားရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် မိုးစပါးနှင့် အခြားသီးနှံ ၈၁၈၅၇ ဧက စိုက်ပျိုးပြီးစီး

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးနှင့် အခြားသီးနှံ ၈၁၈၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ကင်းတားရေလှောင်တမံတာဝန်ခံ) ဦးတင်မြင့်အောင်က ပြောပြ၍ သိရသည်။

ကင်းတားရေလှောင်တမံမှ လက်ဝဲမြောင်း၊ လက်ယာမြောင်းနှင့် ပန်းလောင်မြောင်း ရေသောက်စနစ် သုံးခုတွင် မိုးစပါး ၈၁၄၂၇ ဧကနှင့် အခြားသီးနှံ ၁၃၁၈၂ ဧက တို့အတွက် စိုက်ပျိုးရေပေးဝေရန်လျာထားပြီး ဇွန် ၂၀ ရက်မှ စတင်၍ ရေလှည့်စနစ်ဖြင့် ရေပေးဝေစိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ စိုက်ပျိုးပြီးစီးမှုမှာ မိုးစပါး ၇၇၂၁၆ ဧကနှင့် အခြားသီးနှံ ၄၆၄၁ ဧက စုစုပေါင်း စိုက်ဧက ၈၁၈၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြစ်သားမြို့နယ်အတွင်းမှာရှိတဲ့ ကင်းတားရေလှောင်တမံဟာ နှစ်စဉ် မိုးစပါး၊ နွေစပါးနဲ့အခြားသီးနှံတွေကို စိုက်ပျိုးရေပေးဝေနေတဲ့ တမံဖြစ်ပါတယ်။ ဒေသတွင်းသောက်သုံးရေနဲ့ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးတို့အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတို့ကိုပါ အကျိုးပြုနေတဲ့ ဘက်စုံရေလှောင်တမံတစ်ခုဖြစ်ပါတယ်။ ကင်းတားရေလှောင်တမံကနေ ကျောက်ဆည်ခရိုင်အတွင်းမှာရှိတဲ့ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်နဲ့ မိတ္ထီလာခရိုင်အတွင်းမှာရှိတဲ့ ဝမ်းတွင်းမြို့နယ်ရှိ ရေသောက်ဧကတွေကို အခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် နွေစပါးဧက ၁၇၃၀ နဲ့ အခြားသီးနှံ ၃၆၆၄၅ ဧကကျော်ကို စိုက်ပျိုးဖို့ လျာထားခဲ့ပြီးတော့ နွေစပါး ဧက ၂၄၇၀ နဲ့ အခြားသီးနှံ ၄၈၈၈၃ ဧကကို လျာထားဧကထက် ပိုမိုကျော်လွန်ပြီးတော့ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်"ဟု ဦးတင်မြင့်အောင်က ပြောပြသည်။

ကင်းတားရေလှောင်တမံ၏ လက်ရှိရေသိုလှောင်မှုမှာ ရေပမာဏ ဧကပေ ၄၆၈၃၀၀ ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပျော်ဘွယ်ဘက်မှထွက်သည့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေး ဈေးကွက်အတွင်း ပျော်ဘွယ်ဘက်မှ ထွက်သည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပျော်ဘွယ်ဘက်မှ ထွက်သည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များ အဝယ်ပြန်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ပျော်ဘွယ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုရှိကြောင်း သိရသည်။

"အခုပျော်ဘွယ်ဘက်ကထွက်တဲ့ကြက်သွန်နီတွေကို ကြက်သွန်နီလက်လီလက်လားဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေ အဝယ်တော်တော်များလာပါတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ်တော်တော်လေး ပြန်ပြီးကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာလ ပထမပတ်က ပျော်ဘွယ်ဘက်မှထွက်သည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ကြက်သွန်နီတွေလဲ အခုတစ်လော အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ ပျော်ဘွယ်ဘက်ကထွက်ရှိတဲ့ ကြက်သွန်နီပဲဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာယာဝတီမြို့နယ် ညောင်နီကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ခဲ့ရသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်တုံ့ပြန် ကုစားပေးနိုင်ရန် လုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချလိုသူများ၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ လက်ပံခုန်ကျေးရွာအုပ်စု ညောင်နီကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၉ ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြား ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ဖြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ညောင်နီကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၇ ဒသမ ၂၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၃ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၂၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန္တာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၂လမ်း၊ ၆၅ လမ်း-၆၆ လမ်းကြားနေ ဦးမျိုးမင်းအေး-ဒေါ်ကြင်ကြင်နွဲ့တို့က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၅၂၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကြံစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၅၂၂ ဧက စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၆၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကြံ ၁၅၂၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ဧကများကို ယခုလကုန်အပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့မှာ ကြံဧက ၁၆၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ကြံဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ကြံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ကြံကို မိုးသီးနှံစိုက်ပျိုးရာသီမှာ အများစုစိုက်ပျိုးကြပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြံစိုက်ပျိုးမှုအနေဖြင့် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့်ကန့်ဘလူခရိုင်တို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြံစိုက်ပျိုးရာ၌ အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မို၈၈၊ ဆင်းရွှေလီ မျိုးများကိုလည်း စိုက်ပျိုးကြကြောင်း၊ ကျောက်မြောင်းမြို့တွင် ကြံစိုက်ပျိုးရာ၌ တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀၀ နှင့် ၇၀၀၀၀၀ကြား ကုန်ကျပြီး တစ်ဧကလျှင် ကြံတန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ကြံ ၁၇၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၁၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြံ ၁၅၉၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြေမိကုန်း-အရှေ့ချောင်းဖြူ-ကြူဝန်း ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ချစ်စုပြည့်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)၊ဦးခိုင်မင်းစိုးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာက ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များရှင်းလင်းတင်ပြရာ မြို့နယ်တာဝန်ခံ ဒေါ်ချစ်စုပြည့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

မြေမိကုန်း-အရှေ့ချောင်းဖြူ-ကြူဝန်း ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ သုံးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၃၉၀ ဖြင့် MCAE ကုမ္ပဏီက ယခုနှစ် ဇူလိုင် ၉ ရက်မှစတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ကင်းမွန်ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ကင်းမွန်ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်းက ပင်လယ်စာကင်းမွန်ပိဿာချိန် ၄၁၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ပြီးခဲ့သည့် ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပင်လယ်စာကင်းမွန်ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"အခု ပင်လယ်ကင်းမွန်တွေ အဝင်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက ဇူလိုင်လထက် ပင်လယ်စာကင်းမွန်ပိဿာချိန် ၂၆၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ ထွက်ရှိတဲ့ ပင်လယ်စာကင်းမွန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

အဆိုပါဖမ်းဆီးရရှိသည့် ကင်းမွန်များကို စနစ်တကျဆေးကြောသန့်စင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ အဆိုပါ ကင်းမွန်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇူလိုင်လက ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၁၀၀၀ ထိ ဈေးနှုန်းရရှိပြီး ပြီးခဲ့သည့် ဩဂုတ်လက ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# နပျိုဆေး

## ချစ်နိုင်(စိတ်ပညာ)

"လူဟုဆိုလျှင်၊ လူလိုပင်သာ
လူတွင်တွေ့ရှိ၊ ကြောင်းအကျိုးနှင့်
ကောင်းဆိုးနှစ်တန်၊ လောကခံကို
အမှန်တွေ့မြဲ၊ စိတ်ဝယ်စွဲကာ
ဝမ်းနည်းဝမ်းသာမများပါ"

**အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇)**
**အမရပူရ၊ တောင်မြို့မဟာဂန္ဓာရုံဆရာတော်**

ကမ္ဘာပေါ်တွင် လူသက်တမ်းအရှည်ဆုံးလူမျိုးများတွင် ဆိုက်ဘေးရီးယားဒေသရှိ ရုရှားကျေးလက်လူမျိုးများ၊ ဂျပန်နိုင်ငံ ကျွန်းငယ်တစ်ခုတွင်ရှိကြသော ကျေးလက်နေဂျပန်လူမျိုးများ စသည်ဖြင့် ကျန်းကျန်းမာမာ လှုပ်လှုပ်ရှားရှားရှိကြသော အသက် ၈၀၊ ၉၀ တောနေ အဘိုး၊ အဘွားများသည် အသက်အရှည်ဆုံးဟု သုတေသနတစ်ခုက ဆိုပေသည်။ ဟုတ်ချင်လည်းဟုတ်မည်။ ဟုတ်ချင်မှလည်းဟုတ်မည်။ ကမ္ဘာပေါ်မှာ လူဦးရေ သန်းပေါင်း ၇၀၀၀-၈၀၀၀ (ခုနစ်ထောင်၊ ရှစ်ထောင်မီလီယံ)ရှိနေရာ ထိုသုတေသနလေ့လာချက်က တစ်ကမ္ဘာလုံးကို ပြည့်စုံစွာလွှမ်းခြုံနိုင်ခဲ့ခြင်းရှိ၊ မရှိဆိုသော အချက် (ကိုးစားနိုင်မှု၊ ကိုယ်စားပြုမှု)ကိုမူ မိမိ သေသေချာချာမသိပါ။

အသီးအရွက်နှင့် ငါးကိုစားသုံးသူများက တိရစ္ဆာန်အသား (အမဲသား၊ ဝက်သား၊ သိုးသား၊ ဆိတ်သား) စသည်တို့ကို ပိုမိုစားသုံးသူများထက် အသက်ရှည်ကြသည်ဆိုသည်မှာ သေချာ၏။ လမ်းလျှောက်သူများ၊ ကိုယ်လက်လှုပ်ရှားသူများ၊ နေ့စဉ် ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း သို့မဟုတ် အားကစားပြုသူများက ထိုင်ခြင်း၊ အိပ်ခြင်း၊ မလှုပ်မရှားနေခြင်းပိုများသူတို့ထက် ရောဂါအနာနည်းကြသည်ဆိုသောအချက်ကိုလည်း လူများသိနေကြပေပြီ။ နပျိုအောင်၊ ကျန်းမာအောင်၊ အသက်ရှည်အောင် ဘယ်လိုနေထိုင်သင့်သည်ဆိုသော ဗဟုသုတများကို စာနယ်ဇင်းများတွင် ကြည့်နိုင်၊ သိနိုင်သည်။ ရေဒီယို၊ တီဗီ စသည်တို့မှာလည်း အများပင်ကြည့်မြင်သိရှိနိုင်ကြသည်။ ကျန်းမာရေးဗဟုသုတကို အလွယ်တကူရနိုင်ကြပေသည်။ ထို့ကြောင့် လူသက်တမ်းသည် ယေဘုယျအားဖြင့် တိုးလျက်ရှိလေသည်။

စစ်မက်ဖြစ်ပွားခြင်းဘေး၊ ကပ်ရောဂါများဖြစ်ပွားကူးစက်သေကျေခြင်းဘေးနှင့် အစားအစာရှားပါးငတ်မွတ်ခေါင်းပါးခြင်းဘေးတို့ကြောင့် သေနှုန်းများ တတ်ပါ၏။ အသက်တိုတတ်၏။ သတ္ထန္တရကပ်၊ ရောဂန္တရကပ်နှင့် ဒုဗ္ဘိက္ခန္တရကပ်ဟူသော ကပ်ကြီးသုံးပါးဆိုသည်မှာလည်း လူသားများ (အများထု)ဒေါသလွန်ကဲကြခြင်းကြောင့်ဖြစ်သည်။ လောဘလွန်ကဲကြသဖြင့် အစားအစာခေါင်းပါးငတ်မွတ်သူများ ရှိနေရသည်။ ကူးစက်မြန်ကပ်ရောဂါကို စနစ်တကျကာကွယ်တားဆီးရကောင်းမှန်းမသိခြင်း၊ စည်းကမ်းမလိုက်နာခြင်းတို့ကြောင့် ကပ်ဆိုက်လာကာ ဆေးခန်း၊ ဆေးရုံတွင် လူနာများပြည့်လျှံပြီး သင်္ချိုင်းတွင် မီးသင်္ဂြိုဟ်၍ မနိုင်အောင် အလောင်းများပုံနေတတ်လေသည်။ စစ်ဘေး၊ အငတ်ဘေး၊ ကပ်ရောဂါဘေးတို့ကြောင့် လူသေကောင်များကို ကျင်းအကျယ်ကြီးတူးပြီး မပုပ်မီ မြေမြှုပ်သင်္ဂြိုဟ်ရခြင်းမျိုးလည်း ရှိခဲ့ကြလေသည်။

ကျန်းကျန်းမာမာနှင့် အသက်ရှည်ရှည်နေနိုင်ကြရန် ဆရာတော်၊ သံဃာတော်များကလည်း လမ်းမှန်ကို ညွှန်ပြဆုံးမသွန်သင်လေ့ရှိပါ၏။ စိတ်ကျန်းမာပါမှ ကိုယ်လည်းကျန်းမာသည်။ စိတ်မှာ အမုန်း၊ အမျက်၊ သတ်ချင်ဖြတ်ချင် အကြမ်းပတမ်းပြုချင်စိတ်၊ ဒေါသ၊ မာန၊ အာဃာတ၊ မနာလို၊ ဝန်တို၊ ဖျက်ဆီးလိုမှု၊ အကုသိုလ်ဒုစရိုက်စိတ်ထားများလေလေ အသက်တိုလေလေ။

"သူတစ်ပါးဆင်းရဲချင်ဆင်းရဲ၊ မွဲချင်မွဲ၊ သူများငတ်ချင်လဲငတ်၊ ငါနဲ့ငါ့မိသားစု ဝဝစားရပြီးရော"ဟု လောဘသတ္တာယတက်ကာ ဝိသမလောဘလွန်ကဲလွန်းလျှင်လည်း အသက်မရှည်နိုင်ပေ။ အဝလွန်သည်။ ရောဂါထူတတ်သည်။ လေဖြတ်တတ်သည်။

ရေမြေတောတောင် ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေနေတတ်သော အသိဉာဏ်နည်းပါးခဲ့သည့်အပြင် အသက်ဘေးနှင့်နီးကပ်သော သူတစ်ပါးသို့မဟုတ် လူအများကို ဗုံးခွဲ၊ မီးရှို့၊ မိုင်းထောင်၊ လုယက်၊ သတ်ဖြတ်ခြင်းများ၊ ဆင်ခြင်တုံတရားနှင့်

**❖ သတ္တဝါအများကို မေတ္တာထားကာ စောင့်ရှောက်ကူညီသူသည် အနာရောဂါနည်းပါးတတ်သည်ဟု မှတ်သားခဲ့ရဖူးပါ၏။ ဒေါသနှင့် မေတ္တာသည် ရေနှင့်မီး။ အပူနှင့်အအေး ဆန့်ကျင်ဘက်သဘောရှိကြပါ၏။ ဒေါသသည် ပူလောင်၏။ မေတ္တာသည် ဒေါသမရှိမှသာဖြစ်နိုင်၏။ မေတ္တာကို အဒေါသ ဟုလည်း ခေါ်ကြ၏။ "မေတ္တာနာမ အထသော အဒေါသော"တဲ့။ မိမိတို့စိတ်ထဲ၊ နှလုံးထဲတွင် ဒေါသအစား မေတ္တာထားတတ်လျှင် အနာကင်း၊ အဆင်းလှရုံမျှမက အသက်လည်းရှည်စေပါသည်။ ❖**

စာနာခြင်းတို့ ခေါင်းပါးကင်းမဲ့စွာ အကြမ်းဖက်အပြုအမူပြုသူဖြစ်လျှင် ထိုသူသည် အသက်တိုပေလိမ့်မည်။ ခြေပြတ်လက်ပြတ် ဒုက္ခိတဖြစ်ရတတ်လေသည်။ အသက်ရှည်ခြင်း၊ အသက်တိုခြင်းနှင့် ကျန်းမာခြင်း၊ မကျန်းမာခြင်းဆိုသည်ကား ဘယ်သူမပြု မိမိမှုဟူသော မြန်မာဆိုရိုးစကားအတိုင်း မှန်ပေ၏။ **"သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၏"**ဟူသော မဟာစည်ဆရာတော်ကြီး၏ဩဝါဒအတိုင်းပင်။ **"မသတ် အသက်ရှည်"တဲ့။**

သတ္တဝါအများကို မေတ္တာထားကာ စောင့်ရှောက်ကူညီသူသည် အနာရောဂါနည်းပါးတတ်သည်ဟု မှတ်သားခဲ့ရဖူးပါ၏။ ဒေါသနှင့် မေတ္တာသည် ရေနှင့်မီး။ အပူနှင့်အအေး ဆန့်ကျင်ဘက်သဘောရှိကြပါ၏။ ဒေါသသည် ပူလောင်၏။ မေတ္တာသည် ဒေါသမရှိမှသာဖြစ်နိုင်၏။ မေတ္တာကို အဒေါသဟုလည်း ခေါ်ကြ၏။ "မေတ္တာနာမ အထသော အဒေါသော"တဲ့။ မိမိတို့စိတ်ထဲ၊ နှလုံးထဲတွင် ဒေါသအစား မေတ္တာထားတတ်လျှင် အနာကင်း၊ အဆင်းလှရုံမျှမက အသက်လည်းရှည်စေပါသည်။

ဇရာ၊ ဗျာဓိ၊ မရဏ ရှောင်လွှဲ၍မရသော သဘောလက္ခဏာများပေတည်း။ အိုခြင်း၊ နာခြင်းနှင့် သေခြင်းဟူသောအရာသုံးမျိုးကို မည်သူတစ်စုံတစ်ဦးမှ မတားဆီးနိုင်။ မလွန်ဆန်နိုင်။

သို့ရာတွင် အိုခြင်းကို နှေးကွေးအောင်၊ နာခြင်းကို သက်သာအောင်၊ သေခြင်းကိုဝေးအောင် လိမ္မာသော လူသူတော်ကောင်းတို့က လုပ်ဆောင်နိုင်ပါ၏။

နည်းမျိုးစုံများ ရှိကြပေသည်။ နပျိုစေသောဆေးနည်းတချို့ကိုတော့ လိုချင်သူများအတွက် ဗဟုသုတမျှဝေနိုင်ပါ၏။ စာတွေ့လည်းပါ၏။ ကိုယ်တွေ့လည်းပါ၏။ လိုက်နာသမျှ ကောင်းကျိုးရခဲ့သော ပွဲတွေ့ဆေးနည်းကျော်များပါဟု ခိုင်မာစွာ အာမခံနိုင်ပါ၏။ မနာရအောင်၊ မသေရအောင် စာရေးသူက မကူညီနိုင်ပါ။

သို့တစေ ရွယ်တူတန်းတူ၊ သက်တူရွယ်တူဆွေမျိုးသားချင်း၊ အပေါင်းအသင်းမိတ်ဆွေများအနက် မိမိထက် အသက်ငယ်ရွယ်နပျိုကျန်းမာစေမည့် အချက်များကို အောက်မှာဖော်ပြလိုက်ပါသည်။ ကျင့်သုံးသမျှ ကောင်းကျိုးရပါလိမ့်မည်။ ဇရာကို တားဆီး၍တော့မရပါ။ သို့ရာတွင် **"ဖြည်းဖြည်းလာပါ၊ နှေးနှေးလာပါအိုရော"ဟု (နိုင်သမျှ လက်တွေ့နည်းများဖြင့်) နပျိုသန်မာစေပါမည်။**

**၁။ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။**
**၂။ အရက်သေစာသောက်စားခြင်းမှရှောင်ကြဉ်ပါ။**
**၃။ မူးယစ်ဆေးဝါးသုံးခြင်းမှ ရှောင်ကြဉ်ပါ။**
**၄။ နေ့စဉ်လမ်းလျှောက်ပါ။**
**၅။ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်လုပ်ပါ။**
**၆။ အစားအသောက်မလွန်ကဲအောင် ချင့်ချိန်စားပါ။**
**၇။ အသက်အရွယ်ပေါင်းစုံမှ လူများနှင့် ခင်ခင်မင်မင်ဆက်ဆံနေထိုင်ပါ။**
**၈။ မေတ္တာပို့ပါ။ မေတ္တာဘာဝနာနေ့စဉ်ပွားပါ။**
**၉။ ဒေါသကိုထိန်းပါ။ ဒေါသကို ကြာရှည်မွေးမထားရ။**
**၁၀။ အပြုသဘောစိတ်ထားရှိပါစေ၊ ခိုးရိမ်ပူပန်မရှိနှင့်။**
**၁၁။ စာများများဖတ်ပါ၊ ဖုန်းနှင့်တီဗီကိုလျှော့၍ကြည့်ရှုပါ။**
**၁၂။ ခရီးသွားပါ၊ ဗဟုသုတရှာဖွေဆည်းပူးပါ။**
**၁၃။ အလှူဒါန၊ သီတင်းသီလ သဒ္ဓါကုသိုလ်ကောင်းမှုများ ပြုနိုင်သလောက်များများပြုပါ။**
**၁၄။ အလုပ်ကို (ဘဝပဲလုပ်လုပ်) စေတနာနှင့်လုပ်ပါ။**
**၁၅။ သူတစ်ပါးကို(တတ်နိုင်သမျှ) ကူညီပါ။**
**၁၆။ သည်းခံခွင့်လွှတ်တတ်ပါစေ၊ အမုန်းအငြိုးမထားပါနှင့်။**
**၁၇။ သန့်ရှင်းသပ်ရပ်စွာနေထိုင်ပါ။**

ငယ်စဉ်က လူဘဝသည် အမေ့နို့ရည်ဖြင့် စတင်အသက်ရှင်ခဲ့ရပါသည်။ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်အရွယ်မှ တစ်နှစ်ပြီးတစ်နှစ် ကြီးရင့်လာခဲ့ပြီ။ မိဘဆွေမျိုး၊ ဆရာသမားများနှင့် မိမိကိုအားပေးဖေးမ၊ ကူညီစောင့်ရှောက်ခဲ့ကြသူများကို သတိရပါ။ ကျေးဇူးဆပ်နိုင်သမျှ ကျေးဇူးသိကြောင်းစကားဖြင့်၊ စာဖြင့်၊ အစားအသောက်၊ အဝတ်အစား စသဖြင့် အမှတ်တရလေးဂါရဝပြုလျှင် ပြုသူရော ရှိသေလေးမြတ်ခံရသူပါ နပျိုလန်းဆန်းအသက်ရှည်စေပါသည်။ အသက် ၄၀ ကျော်သောအခါ မိခင်၏ နို့သက်နှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးရင့်ကျက်မှု ရပ်တန့်ကုန်ဆုံးသွားပါပြီ။ ထို့ကြောင့် ယိုယွင်းအိုမင်းခြင်းသည် စတင်ဝါးမျိုလာပါတော့သည်။

အသက် ၄၀ မှ ၅၀ အရွယ်မှာ အိုလာသည်ကို မသိသာသေး။ တကယ်က အသက် ၂၀၊ ၂၅ လွန်သောအခါ အမျိုးသမီးတို့တွင် အလှလျော့ကျလာခဲ့ရပါပြီ။ အရွယ်၏ကောင်းခြင်းကို စွန့်ခဲ့ရသည်။ အသက် ၅၀-၆၀ ကြားမှာ အိုခြင်းကသိသာလာပြီ။ အသက် ၆၀-၇၀ ကြားမှာ အိုခြင်းက ပိုမြန်သလိုပဲဟုထင်ရသည်။ အသက် ၇၀-၈၀ မိုင်တိုင်ကား အဆင်းဖြစ်၍ ပိုပြီးလျင်မြန်စွာ အိုမင်းယိုယွင်းတော့သည်။ အသက် ၈၀-၉၀ အပိုင်းအခြားကား မျက်စိမှုန်၊ နားကထိုင်း၊ သွားကျိုး၊ ဆံဖြူ၊ မေ့လျော့ထူ၊ ငယ်မူပျောက်ခဲ့ပြီ။ ငယ်ငယ်ကပုံနှင့် အခြားလူတစ်ယောက်ထင်ရလောက်အောင်ပြောင်းလဲခဲ့ရပြီ။ **ရုပ်ရည်အဆင်း၊ ပျိုမျစ်ခြင်းကား အိုခြင်းနောက်ဆုံးပါတကား။**

ခေါင်းသုံးလုံးပါသော ပညာရှိထံ ဆည်းကပ်ပါဟု ရှေးပညာရှိစကားကို နားလည်သောသူတချို့က တောင်ဝှေးကိုင်ပြီး ဆောင့်ကြောင့်ထိုင်နေသော ခါးကိုင်းညွတ်ကွေး၍ ဒူးကခေါင်းနှစ်လုံးအလယ်မှာ ခေါင်းပေါ်နေသောအဘိုးအိုထံမှ တန်ဖိုးရှိသော အကြံကောင်းဉာဏ်ကောင်းကို ရနိုင်ပေလိမ့်မည်။ **"ဘဝလမ်းချောမွေ့ဖြောင့်တန်းစေမည့် နည်းလမ်းကောင်းများရှိလျှင် မျှဝေပေးပါအိုးအိုး"** ဟု မေးလာသော် သူကဖြေပါလိမ့်မည်-

ဘယ်နိုင်ငံသား၊ ဘယ်လူမျိုး၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ဤယဉ်ကျေးမှုအခြေခံများကို လိုက်နာကျင့်သုံးသင့်သည်။ အကျိုးရှိကြောင်းတွေ့ရမည်။

**၁။ ကျေးဇူးတင်စကားပြောတတ်ခြင်း**
**၂။ ရိုသေလေးစားမှုကိုပြတတ်ခြင်း**
**(Body Language)**
**၃။ အချိန်ကိုလေးစားတတ်ခြင်း**
**(အချိန်မလေးစားသူက မကြီးပွားနိုင်ပေ)**
**၄။ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း**
**၅။ မိမိကိုယ်ကို အားကိုးတတ်ခြင်း**
**၆။ မိမိမှားလျှင် တောင်းပန်တတ်ခြင်း**
**၇။ သူတစ်ပါးနှင့် လူအများကို လေးစားတတ်ခြင်း**
**၈။ သူများကို လေးလေးစားစားဆက်ဆံတတ်ခြင်း**
**၉။ သူများကို ကူညီတတ်ခြင်း**
**၁၀။ သူများကို ရေ့ဆောင်လမ်းပြနိုင်ခြင်း**

လူငယ်မောင်မယ်များ ငယ်ရွယ်စဉ်ကပင် ဤအမူအကျင့် လူယဉ်ကျေးမှုရှိကြပါမှ နိုင်ငံတကာအဆင့်မီ လူတော်လူမွန်ဘဝရောက်ကြပေလိမ့်မည်။ နိုင်ငံပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ တာဝန်အမျိုးမျိုးတို့ကို အောင်မြင်ချောမွေ့စွာထမ်းဆောင်ခဲ့သူ အဘိုးအိုကြီးက သူမသေမီပေးသွားသော မျှဝေစကားဟု မှတ်သားအသုံးချနိုင်ကြပါစေ။

# မင်းတုန်းမြို့နယ် ငလိုင်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၉ ရက်က ငလိုင်စမ်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမမှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာဆောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးနိုင်ဝင်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ကြီးကြပ်မှုဖြင့် ငလိုင်စမ်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုနိုင်**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၆၇၀၀ စိုက်ပျိုးပြီးစီး

**လပွတ္တာ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၆၇၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၆၇၀၀ လျာထားစိုက်ပျိုးခဲ့ပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ လပွတ္တာမြို့နယ်အနေနဲ့ စားဖိုဆောင်သီးနှံဧက ၆၇၀၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ အခု စားဖိုဆောင်သီးနှံတွေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ် စိုက်ပျိုးထားတဲ့ စားဖိုဆောင်သီးနှံအမျိုးအစားတွေက ဒေသမြေ ရာသီဥတု၊ ဈေးကွက်နဲ့ကိုက်ညီတဲ့ သီးနှံတွေပဲဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံစိုက်ပျိုးတဲ့အခါ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ထားပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသည့် စားဖိုဆောင်သီးနှံများမှာ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ပိန်းဥ၊ ချဉ်ပေါင်ရွက်၊ ဂေါ်ဖီ၊ ကြက်ဟင်းခါး၊ သခွား၊ ဆလတ်ရွက်၊ ဟင်းနုနယ်၊ ရုံးပတီ၊ ကစွန်းဥ စသည့်သီးနှံအမျိုးအစားများဖြစ်ကြောင်း သိရသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စားဖိုဆောင်သီးနှံ ဧက ၉၂၀၀ ထိ စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် သခွားစိုက်ခင်းကို တွေ့ရစဉ်။

# ပဲခူးမြို့နယ် ကူတောင်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ပဲခူး စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူတောင်ကျေးရွာ၌ မြစ်မိုးရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့် ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ကူတောင်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

ကူတောင်ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများ၊ ပဲခူးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းကို မြစ်မိုးရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သန်း ၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၇ ဒသမ ၃၆၈၈ သန်း စုစုပေါင်းငွေကျပ် ၄၇ ဒသမ ၃၆၈၈ သန်းဖြင့် ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပြီဖြစ်၍ ကူတောင်ကျေးရွာရှိ အိမ်ခြေ ၂၂၃ အိမ်၊ လူဦးရေ ၉၄၇ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**အေးမြတ်**

# ပန်းတိုင်သို့

- လဲကျသလား
ကဲထလို့ လျှောက်စမ်းပါ၊
တို့အောင်မြေ ခရီးနန်းက
သည်လမ်းတာ အဆုံးကျ
တွေ့ရမှာသာ၊
ဇွဲစိတ်နဲ့ သွားစို့ကွာ
နားဖို့ရာ စိတ်မတွေး၊
တို့ပန်းတိုင် အမြန်ရောက်ဖို့
လျှောက်ကြစို့လေး။

- အရိပ်အေးသလား
သိပ်မနေးဘဲ လျှောက်စမ်းပါ၊
သည်အရိပ်မှာ တို့ခိုနားရင်း
ချိန်များစွာကြာ၊
ဇွဲစိတ်များ လျော့နည်းကာ
ပျင်းရိမှာ စိုးပါပေ့၊
တို့ပန်းတိုင် ခရီးတစ်ထောက်ဆီ
လျှောက်ကြစို့ပေ့။

- လမ်းကွေ့သလား
မှန်းသရွေ့ လျှောက်စမ်းပါ၊
လမ်းကွေ့ပြီး လမ်းအဖြောင့်က
စောင့်လိမ့်မှာသာ၊
အတက်ပြီး အဆင်းလာ
ကံကြမ္မာ အလှည့်ပြောင်း၊
တို့ပန်းတိုင် တို့ခရီးမို့
တို့နိုးအောင် လျှောက်ရင်းက
ပန်းခင်းမြေ အောင်မြေတစ်ကွေ့
တွေ့ရမဲ့အကြောင်း။ ။

**လွမ်းလေးကို(သရက်)**

# မောက်မယ်မြို့နယ် နောင်ပိုကျေးရွာ၌ မြစ်မိုးရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောက်မယ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ နောင်ပိုကျေးရွာ၌ မြစ်မိုးရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းခံထွန်းလင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာထွေး၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစ်မိုးရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစ်မိုးရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၂၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် နောင်ပိုကျေးရွာမှ မြစ်မိုးရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူဦးရေ ၄၀ ကို မြစ်မိုးရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း၊ နောင်ပိုကျေးရွာသည် မြစ်မိုးရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် Type-2 ကျေးရွာအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်သောကျေးရွာဖြစ်ကြောင်း သိရသည်။

**အေးသူ**

## နိုင်ငံတကာ သတင်းများ

# ဂျီ-၂၀ ၏ အလှည့်ကျဥက္ကဋ္ဌတာဝန် ဘရာဇီးနိုင်ငံထံ အိန္ဒိယတရားဝင်လွှဲပြောင်း

**ဒေလီ စက်တင်ဘာ ၁၀**

နယူးဒေလီမြို့၌ ကျင်းပနေသည့် ဂျီ-၂၀ ထိပ်သီးညီလာခံ နောက်ဆုံးနေ့ဖြစ်သည့်ယနေ့တွင် အိန္ဒိယနိုင်ငံသည် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဘရာဇီးနိုင်ငံလက်သို့ တရားဝင်လွှဲပြောင်းပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌရာထူး လွှဲပြောင်းပွဲ အခမ်းအနားတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အလှည့်ကျဥက္ကဋ္ဌနိုင်ငံ အဆောင်အယောင်ဖြစ်သည့် တူကို ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကိုဘရာဇီးနိုင်ငံသို့တရားဝင်လွှဲပြောင်းပြီးနောက် ယခုနှစ် နိုဝင်ဘာ ၃၀ ရက်ထိ ၂၀၂၃ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဆက်လက်ရယူထားရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ရယူခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပပေးခဲ့သော နယူးဒေလီ ဂျီ-၂၀ ထိပ်သီးညီလာခံတွင် ဂျီ-၂၀ ခေါင်းဆောင်များသည် စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးမှသည် ရာသီဥတုပြောင်းလဲမှုထိ အကျုံးဝင်သော ညီလာခံ ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဂျီ-၂၀အလှည့်ကျဥက္ကဋ္ဌ ဘရာဇီးနိုင်ငံသည် ယင်းနှစ်၏ ဂျီ-၂၀ ထိပ်သီးညီလာခံကို ရီယိုဒီဂျနေရိုးမြို့၌ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ KKO



# တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် အီတလီဝန်ကြီးချုပ် မီလိုနီ နယူးဒေလီမြို့ ဂျီ-၂၀ ညီလာခံ၌ တွေ့ဆုံဆွေးနွေး




**ဒေလီ စက်တင်ဘာ ၁၀**

အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မီလိုနီနှင့် တရုတ်ဝန်ကြီးချုပ်လီချန်းတို့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ဂျီ-၂၀ ထိပ်သီးညီလာခံကာလ စက်တင်ဘာ ၉ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နယူးဒေလီ ဆွေးနွေးပွဲတွင် တရုတ်ဝန်ကြီးချုပ်နှင့် အီတလီဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြားဆက်ဆံရေးမြှင့်တင်နိုင်ရေးကို ဆွေးနွေးခဲ့ကြကြောင်း အီတလီဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

အီတလီနိုင်ငံသည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့်လမ်းအစီအစဉ်မှနုတ်ထွက်ရန် သင့်မသင့်ပြဿနာနှင့် ရင်ဆိုင်နေရသည်။

တရုတ်နှင့်အီတလီ နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုသည် ရပ်ဝန်းနှင့်လမ်းအစီအစဉ်ထက် ပို၍တန်ဖိုးကြီးကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီးအန်တိုနီယိုတာဂျာနီက ယခုရက်သတ္တပတ်အတွင်း ပြောကြားထားသည်။

အီတလီနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်းအစီအစဉ်၌ ပါဝင်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးထားသည့် တစ်ခုတည်းသော ဂျီ-၇ အုပ်စုဝင်နိုင်ငံဖြစ်သည်။

တရုတ်အစိုးရ၏ ရပ်ဝန်းနှင့်လမ်းအစီအစဉ်သည် ရှေးခေတ်ပိုးလမ်းမကုန်သွယ်ရေးလမ်းကြောင်းကို စံပြုထားသည့် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းဖြစ်ကြောင်း သိရသည်။ KKO

# ဒေသတွင်းနိုင်ငံများ မဟာမိတ်အုပ်စုဖွဲ့၍ မူးယစ်ပြဿနာကိုင်တွယ်ရန် ကိုလံဘီယာသမ္မတ အဆိုပြု

**ဘိုဂိုတာ စက်တင်ဘာ ၁၀**

မူးယစ်မှောင်ခိုလုပ်ငန်းကို ညီညီညွတ်ညွတ် ကိုင်တွယ်ဖြေရှင်းရေးအတွက် လက်တင်အမေရိကနိုင်ငံများ မဟာမိတ်အုပ်စုဖွဲ့ရန် ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုက စက်တင်ဘာ ၉ ရက်တွင် အဆိုပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကိုလံဘီယာနိုင်ငံ ကာလီမြို့၌ ကျင်းပခဲ့သည့် မူးယစ်ဆေးဝါးပြဿနာဆိုင်ရာလက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများညီလာခံပိတ်ပွဲ၌ သမ္မတ ပက်ထရိုက အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကို စစ်ရေးဆန်သည့် နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမည့်အစား ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ရင်ဆိုင်သင့်ကြောင်း ကိုလံဘီယာသမ္မတက ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာကို စစ်ရေးဆန်သော နည်းလမ်းများဖြင့် နှစ်ပေါင်း ၅၀ ကျော်ကြာတုံ့ပြန်ခဲ့ရာတွင် လက်တင်အမေရိကဒေသမှာ တိုင်းဆ၍မရသည့် သွေးထွက်သံယိုပြဿနာများကိုသာ အကျိုးဆက်အားဖြင့် ရင်ဆိုင်ခဲ့ကြရကြောင်း သမ္မတ ပက်ထရိုက သုံးသပ်ခဲ့သည်။

သို့သော် လက်တင်အမေရိကလူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုနှင့် သမိုင်းတို့ကို ကာကွယ်ရေးအတွက် မအောင်မြင်သည့် လမ်းစဉ်များကို စွန့်လွှတ်၍ ဒေသတွင်းနိုင်ငံများ မဟာမိတ်ဖွဲ့ရန် မိမိတိုက်တွန်းကြောင်း သမ္မတ ပက်ထရိုက ပြောကြားခဲ့သည်။

အခြားသော လက်တင်အမေရိကနိုင်ငံများကဲ့သို့ပင် မူးယစ်မှောင်ခိုမှုနှင့် ဆက်စပ်နေသော အကြမ်းဖက်မှုများပြဿနာ၊ မူးယစ်ဂိုဏ်းများ လက်နက်အင်အား၊ စီးပွားရေးအင်အားကြီးထွားလာမှုပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

KKO

# ဗလာဒီဗော့စတော့စီးပွားရေးညီလာခံသို့ လာအိုဒုတိယသမ္မတ တက်ရောက်မည်

**မော်စကို စက်တင်ဘာ ၁၀**

လာမည့်ရက်သတ္တပတ်အတွင်း ဗလာဒီဗော့စတော့မြို့၌ကျင်းပမည့် စီးပွားရေးညီလာခံတစ်ခုသို့ လာအိုဒုတိယသမ္မတ ပါနီယာသိုသောလည်း ထိပ်တန်းဧည့်သည်တော်တစ်ဦးအဖြစ် တက်ရောက်မည်ဟု ရုရှားတာဝန်ရှိသူများက စက်တင်ဘာ ၉ ရက်တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သို့သော် အဆိုပါညီလာခံသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တက်ရောက်ရန် ရှိ၊ မရှိနှင့်ပတ်သက်၍ ရုရှားတာဝန်ရှိသူများက တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုလအတွင်း ဗလာဒီဗော့စတော့မြို့၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် နယူးယောက်တိုင်းမ်သတင်းစာက စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သတင်းကြောင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်ထိကျင်းပမည့် ဗလာဒီဗော့စတော့ စီးပွားရေးညီလာခံကာလအတွင်း ရုရှားသို့ သွားရောက်နိုင်ကြောင်း ထင်ကြေးများလည်းပေါ်ထွက်လာခဲ့ရသည်။

သို့ရာတွင် ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ ဗလာဒီဗော့စတော့ စီးပွားရေးညီလာခံသို့ လာအိုဒုတိယသမ္မတနှင့် တရုတ်ဒုတိယဝန်ကြီးချုပ်တို့တက်ရောက်မည်ဖြစ်သည်။

ဗလာဒီဗော့စတော့စီးပွားရေးညီလာခံသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပသည့်နှစ်စဉ်ညီလာခံဖြစ်ကြောင်း သိရသည်။ KKO

# ယူကရိန်းစစ်ဘက်မောင်းသူမဲ့လေယာဉ်များနှင့် စစ်သုံးအမြန်ရေယာဉ်များကို ရုရှားတပ်များဖျက်ဆီး

**မော်စကို စက်တင်ဘာ ၁၀**



ယူကရိန်းစစ်ဘက်က စေလွှတ်လိုက်သည့် မောင်းသူမဲ့လေယာဉ်ရှစ်စင်းကို ကရိုင်းမီးယားကျွန်းဆွယ်ပင်လယ်နက်ရေပြင်အတွင်း ရုရှားတပ်များက ယနေ့တွင် ဖျက်ဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းမှာပင် အဆိုပါပင်လယ်နက်ရေပြင်အတွင်း ယူကရိန်းမြန်နှုန်းမြင့် ရေယာဉ်သုံးစီးကို ရုရှားတပ်များက ဖျက်ဆီးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များလိုက်ပါလာသည့် အဆိုပါအမေရိကန်နိုင်ငံထုတ် စစ်သုံးအမြန်ရေယာဉ်ငယ်များကို ခနိတ်ခ်အိုင်းလန်းကျွန်းအရှေ့မြောက်ဘက်တွင် ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

ခနိတ်ခ်အိုင်းလန်းကျွန်းသည် ပင်လယ်နက်ဒေသ အနောက်မြောက်ပိုင်းရှိ ကျွန်းငယ်တစ်ကျွန်းဖြစ်သည်။


ပင်လယ်နက် ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများတင်ပို့နိုင်ရေးဆိုင်ရာ သဘောတူညီချက်မှ ရုရှားနိုင်ငံနုတ်ထွက်ခဲ့ပြီးနောက်ပိုင်း ခနိတ်ခ်အိုင်းလန်းကျွန်းဝန်းကျင်၌ တင်းမာမှုများမြင့်တက်လာခဲ့သည်။

ယနေ့ မောင်းသူမဲ့လေယာဉ်ဖြစ်စဉ်နှင့် မြန်နှုန်းမြင့်ရေယာဉ်ငယ်များဖြစ်စဉ်တို့၌ ထိခိုက်ပျက်စီးမှုနှင့် ဒဏ်ရာရရှိသူရှိ၊ မရှိတို့ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်ပေါ်တွင်တည်ရှိသည့် တွင်းထွက်ဓာတ်အရေအတွက်က ကမ္ဘာဂြိုဟ်ထက်ပို၍နည်းပါးကြောင်း သိပ္ပံပညာရှင်များဆို



**ဝါရှင်တန် စက်တင်ဘာ ၁၀**

အင်္ဂါဂြိုဟ်ပေါ်တွင် တည်ရှိသည့် တွင်းထွက်ဓာတ်အရေအတွက်သည် ကမ္ဘာဂြိုဟ်ထက်ပို၍ နည်းပါးကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Phys.org သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၉ ရက်တွင် ရေးသား တင်ပြထားသည်။

ကမ္ဘာမြေပြင်ပေါ်၌ တွင်းထွက် ဓာတ်အမျိုးအစား ၆၀၀၀ ခန့်ထိ ရှိကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များက တွေ့ရှိထားပြီးဖြစ်သည်။

သို့ရာတွင် အင်္ဂါဂြိုဟ်ပေါ်တွင်မူ တွင်းထွက်ဓာတ် ၁၆၀ မျိုးကိုသာ ရှာဖွေတွေ့ရှိရသေးကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏အဆို အရ သိရသည်။

ပြီးခဲ့သည့်နှစ်ပေါင်း ၅၀ အတွင်း အင်္ဂါဂြိုဟ်မစ်ရှင်များမှတစ်ဆင့်၊ အင်္ဂါဂြိုဟ်ဥက္ကာခဲများမှတစ်ဆင့် ရှာဖွေတွေ့ရှိထားရသည့် အင်္ဂါဂြိုဟ် တွင်းထွက်ဓာတ် အမျိုးအစားများမှာ ၁၆၀ မျိုးသာရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်အနေဖြင့် ကမ္ဘာမြေနှင့် ဖွဲ့စည်းတည်ဆောက်ပုံချင်း များစွာတူသော်လည်း ပိုင်ဆိုင်ထားသည့် တွင်းထွက်ဓာတ်အရေအတွက် အရ ကမ္ဘာမြေထက်ပိုနည်းနေကြောင်း၊ သို့ရာတွင် အင်္ဂါဂြိုဟ်မြေမျက်နှာပြင်ပေါ်နှင့်မြေအောက်တို့၌ မိမိတို့မတွေ့ရသေးသည့် တွင်း ထွက်ဓာတ်များရှိနေနိုင်သေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO


## အိန္ဒိယနိုင်ငံ၏ လမျက်နှာပြင်လေ့လာရေးယာဉ်က လမြေလျှောလှုပ်ခတ်မှုနှင့်ပတ်သက်၍ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးသက်သေအထောက်အထားကို တွေ့ရှိထားဖွယ်ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ၏ လမျက်နှာပြင် လေ့လာရေးယာဉ်သည် လမြေ လျှောလှုပ်ခတ်မှုနှင့် ပတ်သက်၍ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးသက်သေအထောက်အထားကို တွေ့ရှိထားဖွယ်ရှိကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၉ ရက်တွင် ရေးသား တင်ပြထားသည်။

ချန်ဒရာယန်-၃ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ မြေလျှောလှုပ်ရှားမှုတစ်ရပ်ကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း အိန္ဒိယ အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ချန်ဒရာယန်-၃ လမျက်နှာပြင် လေ့လာရေးယာဉ်သည် ILSA ခေါ် မြေလျှောတုန်ခါလှိုင်းတိုင်းစနစ်ဖြင့် အဆိုပါ မြေလျှောလှုပ်ရှားမှုကို ဩဂုတ် ၂၆ ရက်တွင် ဖမ်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



လကမ္ဘာမြေငလျင်လှုပ်ခတ်မှု အဖြစ် အတည်ပြုနိုင်ပါက ၎င်းမြေလျှာတုန်ခါလှိုင်းများသည် လကမ္ဘာအတွင်းပိုင်း ဖွဲ့စည်းပုံကို လေ့လာရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လပေါ်ရှိ မြေလျှောလှုပ်ရှားမှုများကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အပိုလိုလဆင်းမစ်ရှင်များက ၁၉၆၉ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်ကြား ကာလအတွင်း ပထမဆုံးအကြိမ် ထောက်လှမ်းတွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

အိန္ဒိယအာကာသအေဂျင်စီ၏ ချန်ဒရာယန်-၃ လဆင်းယာဉ်သည် ယခုနှစ် ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

KKO

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို ထပ်မံလွှတ်တင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို စက်တင်ဘာ ၉ ရက်တွင် ထပ်မံလွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါစတားလင့်ခ်ဂြိုဟ်တုများအား သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စတားလင့်ခ်ဂြိုဟ်တုသစ်များကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက်မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၆၃ ခုမြောက် အာကာသမစ်ရှင်ဖြစ်ပြီး မစ်ရှင်အရေအတွက် စံချိန်သစ်တင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၂၀၂၂ ခုနှစ်တွင် အာကာသမစ်ရှင်ပေါင်း ၆၁ ခုထိ အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ထားပြီးသမျှ အာကာသမစ်ရှင်များအနက် ထက်ဝက်မှာ စတားလင့်ခ်မစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

KKO

# HEALTH

## သန္ဓေတားဆေးသုံးစဉ် အကိုက်အခဲပျောက်ဆေးသုံးပါက သွေးကြောများအတွင်း သွေးခဲများပေါ်ထွက်နိုင်

**ကိုပင်ဟေဂင် စက်တင်ဘာ ၁၀**

သန္ဓေတားဆေး သုံးနေစဉ်အတွင်း အကိုက်အခဲပျောက်ဆေး အုပ်စုဝင်တစ်မျိုးကို သုံးစွဲခဲ့ပါက သွေးကြောများအတွင်း သွေးခဲများ ပေါ်ထွက်နိုင်ကြောင်း The Daily Mail သတင်းစာက စက်တင်ဘာ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စတီးရွိုက်မဟုတ်သည့် အရောင်အရမ်းပျောက်ဆေးများ (NSAIDS)များကို သန္ဓေတားဆေးသုံးနေချိန်တွင် အသုံးပြုခဲ့ပါက သွေးကြောများအတွင်း သွေးခဲများပေါ်ထွက်နိုင်ကြောင်း၊ NSAIDS အုပ်စုဝင်ဆေးများသည် နာကျင်ကိုက်ခဲမှု၊ ဖျားနာခြင်းနှင့် ရောင်ရမ်းမှုတို့ကို ကုသမှုလျှော့ချရာတွင် အသုံးပြုသည့် ဆေးများဖြစ်သည်။

သို့ရာတွင် ဟော်မုန်းအခြေခံပဋိသန္ဓေတားဆေးများ အသုံးပြုနေချိန်တွင် NSAIDS ဆေးများသုံးစွဲခဲ့ပါက ၎င်းဆေးများမသုံးသူများနှင့် နှိုင်းယှဉ်ပါက သွေးကြောများအတွင်း သွေးခဲများပေါ်ထွက်နိုင်ခြေ ၁ ဒသမ ၅ ဆ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သွေးကြောများအတွင်း ပေါ်ထွက်လာသည့် သွေးခဲများအဆုတ်ထဲသို့ဝင်ရောက်ခဲ့ပါက ကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း၊ ဒိန်းမတ်သုတေသနပညာရှင်များသည် အမျိုးသမီးနှစ်သန်းကျော်တို့၏ အချက်အလက်များကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကိုယ်ဝန်ဆောင်ကာလနှင့် ဆက်စပ်နေသည့်ကျန်းမာရေးပြဿနာ ရင်ဆိုင်ရနိုင်

**နယူးယောက် စက်တင်ဘာ ၁၀**

ကမ္ဘာကြီးပူနွေးလာမှုပြဿနာကြောင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလနှင့်ဆက်စပ်နေသည့် ကျန်းမာရေး ပြဿနာများရင်ဆိုင်ရနိုင်ခြေ မြင့်မားလာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၉ ရက်တွင် ရေးသား တင်ပြထားသည်။

ကမ္ဘာတစ်ဝန်း အပူချိန်မြင့်တက်လာမှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ အထူးသဖြင့် ကိုယ်ဝန်ဆောင်ကာလ တတိယသုံးလအတွင်း ဝင်ရောက်နေသူများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း မိခင်လောင်းများရင်ဆိုင်ရနိုင်သည့် ကျန်းမာရေးပြဿနာများမှာ နှလုံးဖောက်မှု၊ ကျောက်ကပ်ပျက်စီးမှုတို့အပါအဝင် ၂၁ မျိုးထိရှိနိုင်သည်။

သို့ရာတွင် ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးပြဿနာများမှာ ပြင်းထန်ဆိုးရွားနိုင်သည့်တိုင် ကြိုတင်တားဆီး၍ရသည့် ပြဿနာများဖြစ်ကြကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ တွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်ကာလအတွင်း ပြင်းထန်သည့်အပူဒဏ်နှင့် အထိအတွေ့အများဆုံး မိခင်လောင်းများမှာ ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးပြဿနာများနှင့်ရင်ဆိုင်ရနိုင်ခြေ ၂၇ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သိရသည်။


အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၀၃၀၀၀ တို့ကိုစောင့်ကြည့်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ
## အားကစားသတင်းများ

# WBC အဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်အရ ဒီယွန်တေဝီလ်ဒါနှင့် အန်တိုနီဂျိုရှာတို့ ချန်ပီယံစိန်ခေါ်ခွင့်အတွက် ထိုးသတ်ရမည်



**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၀**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် အခြေစိုက်သည့် WBC အဖွဲ့ချုပ်သည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း အဆင့်သတ်မှတ်ချက်ကို ထုတ်ပြန်ခဲ့ရာတွင် အမေရိကန်လက်ဝှေ့သမားဒီယွန်တေဝီလ်ဒါက အဆင့်(၁)နေရာတွင်ရပ်တည်နေပြီး ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာက အဆင့်(၂)နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း IFL TV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း၏ လက်ရှိချန်ပီယံအဖြစ် ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီက ရပ်တည်နေပြီး တိုင်ဆန်ဖျူရီထံမှ ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်နိုင်ရေးအတွက် WBCအဖွဲ့ချုပ်၏အဆင့်(၁)နေရာမှ လက်ဝှေ့သမားနှင့် အဆင့်(၂)နေရာမှ လက်ဝှေ့သမားတို့က စိန်ခေါ်ပွဲထိုးသတ်ရမည်ဖြစ်ပြီး အနိုင်ရရှိလာသည့်လက်ဝှေ့သမားကတိုင်ဆန်ဖျူရီကို စိန်ခေါ်ခွင့်ရမည်ဖြစ်သည်။

တိုင်ဆန်ဖျူရီအနေဖြင့် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့် ရလာသည့်လက်ဝှေ့သမားကို စည်းမျဉ်းစည်းကမ်းအရ မဖြစ်မနေလက်ခံထိုးသတ်ရမည်ဖြစ်ပြီး ထိုးသတ်ရန်ငြင်းဆန်ပါက ကမ္ဘာ့ချန်ပီယံခါးပတ်ကို လွှဲပြောင်းပေးရမည်ဖြစ်သည်။

တိုင်ဆန်ဖျူရီသည် ဒီယွန်တေဝီလ်ဒါကို နှစ်ကြိမ်တိုင်တိုင်အနိုင်ရထားပြီး အန်တိုနီဂျိုရှာနှင့်အလက်ဇန်းဒါးအူဆက်ခ်တို့က တိုင်ဆန်ဖျူရီနှင့် စိန်ခေါ်ပွဲထိုးသတ်ရန်ကမ်းလှမ်းခဲ့သော်လည်း တိုင်ဆန်ဖျူရီကငြင်းဆိုထားကြောင်း သိရသည်။ AZL

# ဟာဗေးဘန်းက စကော့တလန်နိုင်ငံအတွက် ကစားပေးရန်ဆန္ဒရှိကြောင်း ပြောကြား

**လန်ဒန် အောက်တိုဘာ ၁၀**

နယူးကာဆယ် အသင်းတွင် ကစားနေသည့် အင်္ဂလန်နိုင်ငံသား ဟာဗေးဘန်းသည် ယူရို ၂၀၂၄ ကစားမည့် လက်ရွေးစင်အသင်း လူစာရင်းတွင် ရွေးချယ်ခံရခြင်းမရှိသည့်အတွက် စကော့တလန်နိုင်ငံသားခံယူရန် စဉ်းစားလျက်ရှိပြီး စကော့တလန် အသင်းအတွက် ကစားပေးရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာဗေးဘန်းသည် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင် လက်စတာအသင်းမှ နယူးကာဆယ်အသင်းသို့ စတာလင်ပေါင် ၃၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ၎င်းသည် နည်းပြဆောက်ဂိတ်၏ လူစာရင်းတွင် ရွေးချယ်ခံရခြင်းမရှိသည့်အတွက် ယူရို ၂၀၂၄ ဝင်ခွင့်ရရှိရန်နီးစပ်နေသည့် စကော့တလန်အသင်းတွင် ပါဝင်ကစားရန် ဆန္ဒရှိနေသဖြင့် စကော့တလန်နိုင်ငံသား ခံယူရန် စဉ်းစားနေကြောင်း သိရသည်။

စကော့တလန် အသင်းသည် ပြီးခဲ့သည့် ဆိုက်ပရပ်စ်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် ငါးပွဲကစားအပြီးတွင် ငါးပွဲနိုင် ရမှတ်ပြည့်ရရှိခဲ့သောကြောင့် လက်ကျန်ပွဲသုံးပွဲကစားရန်ကျန်ရှိနေသော်လည်း ယူရိုခြေစစ်ပွဲအောင်မြင်ရန် သေချာနေသောကြောင့် ဟာဗေးဘန်းက နိုင်ငံသားခံယူ၍ နည်းပြကလာ့ကီနှင့်ပူးပေါင်းရန်ဆုံးဖြတ်ထားသည်။

အသက် ၂၅ နှစ်ရှိ ဟာဗေးဘန်းသည် ၂၀၁၇ ခုနှစ်မှစတင်ကာ အင်္ဂလန်လူငယ် အသင်းများတွင် ပါဝင်ခွင့်ရရှိခဲ့သော်လည်း လက်ရွေးစင်အသင်းကြီးတွင် ၂၀၂၀ ပြည့်နှစ်တွင် ရွေးချယ်ခံခဲ့ရပြီး လူစားဝင်ကစားသမားအဖြစ် တစ်ကြိမ်သာ ပါဝင်ကစားခွင့် ရရှိခဲ့ကြောင်း သိရသည်။ ML



# ဂျာမနီအသင်းက ဂျပန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဖလစ်အနေဖြင့် ရာထူးမှထုတ်ပယ်ခံရရန် နီးစပ်နေဟုဆို

**ဘာလင် အောက်တိုဘာ ၁၀**

ဂျာမနီအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် အိမ်ကွင်းတွင် ဂျပန်အသင်းနှင့်ကစားခဲ့ရာ လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နည်းပြဖလစ်၏အနာဂတ်မှာ သေချာမှုမရှိတော့ဘဲ ရာထူးမှ ထုတ်ပယ်ခံရရန် နီးစပ်လျက်ရှိကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဖလစ် ကိုင်တွယ်နေသည့် ဂျာမနီအသင်းသည် ပြီးခဲ့သည့် မတ်လက ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် ပီရူးအသင်းကို အနိုင်ရရှိပြီးနောက်ပိုင်း နိုင်ငံတကာခြေစမ်းပွဲ ငါးပွဲစလုံးတွင် နိုင်ပွဲမရရှိတော့ဘဲ ရလဒ်ပိုင်းဆိုးရွားလာသောကြောင့် ၎င်း၏နည်းပြရာထူးအတွက် စိုးရိမ်စရာဖြစ်လာခဲ့ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲမတိုင်မီထုတ်ပယ်ခံရရန် နီးစပ်နေသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိထားသည့် ဂျာမနီအသင်းသည် ကြိုတင်ပြင်ဆင်မှုအဖြစ် ဂျပန်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ ပွဲအစကတည်းက ပြိုင်ဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုကြောင့် ပွဲချိန် ၁၁ မိနစ်တွင် ဂျပန်အသင်းကို ဦးဆောင်ဂိုးပေးခဲ့ရသဖြင့် တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲချိန် ၁၉ မိနစ်တွင် ဆာနေးက ချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဂျပန်အသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သောကြောင့် ပွဲချိန် ၂၂ မိနစ်၊ ပွဲချိန် မိနစ် ၉၀ နှင့် နာကျင်အချိန်ပို ၉၂ မိနစ်တို့တွင် ဦးဆောင်ဂိုးဆက်တိုက်ပေးခဲ့ရသဖြင့် အိမ်ကွင်းတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး နည်းပြဖလစ်အနေဖြင့် ရလဒ်ပိုင်းဆိုးရွားမှုနှင့်ကြုံတွေ့ခဲ့ကာ ဖိအားအောက်ကျရောက်ခဲ့သည်။

ဂျာမနီအသင်းသည် နည်းပြဖလစ်လက်အောက်တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှစောစီးစွာထွက်ခွာခဲ့ရပြီးနောက် ပြိုင်ပွဲစုံတွင် နိုင်ပွဲတစ်ပွဲသာရရှိခဲ့ပြီး နည်းပြဖလစ်၏ ရာထူးတည်မြဲရေးမှာ လာမည့် စက်တင်ဘာ ၁၃ ရက်တွင် ပြင်သစ်အသင်းနှင့် ကစားရမည့် ခြေစမ်းပွဲစဉ်တွင် အသင်း၏ရလဒ်ပိုင်းပေါ် မူတည်နေကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- အင်္ဂလန်အသင်းအနေဖြင့် ယူကရိန်းအသင်းကို တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ၂၀၂၄ ယူရိုခြေစစ်ပွဲ အောင်မြင်နိုင်သည့်အခြေအနေကောင်းများ ပိုင်ဆိုင်လျက်ရှိကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်ကစားသမား ဒေးဗစ်အလာဘာက ဆော်ဒီကလပ်အသင်း၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်လက်ကစားသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းတွင် နည်းပြတန်ဟတ်နှင့် အဆင်မပြေမှုများရှိနေသည့် တောင်ပံကစားသမား ဆန်ချိုကို အသင်းဟောင်းဒေါ့မွန်အသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြန်လည်ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။ ML

## ၂၀၂၄ ယူရိုခြေစစ်ပွဲ ရလဒ်

| | | | | |
|---|---|---|---|---|
| ဖာရိုးကျွန်းစု | ၀ | - | ၁ | မော်ဒိုဗာ |
| မွန်တီနီဂရိုး | ၂ | - | ၁ | ဘူလ်ဂေးရီးယား |
| ကာဇက်စတန် | ၁ | - | ၀ | မြောက်အိုင်ယာလန် |
| ဖင်လန် | ၀ | - | ၁ | ဒိန်းမတ် |

(ဝဇဝ)

# အာဆင်နယ်အသင်းက ကွင်းလယ်ကစားသမား အိုဒီဂတ်ကို သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်

**လန်ဒန် အောက်တိုဘာ ၁၀**

အာဆင်နယ် အသင်းသည် ကွင်းလယ် တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် အသင်းခေါင်းဆောင် အိုဒီဂတ်ကို စာချုပ်သက်တမ်းတိုးရန် လာမည့်ရက်သတ္တပတ်အတွင်း ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုနှစ်အတွင်း အသင်းမှ ခြေစွမ်းပြကစားသမားများ ဖြစ်သည့် တောင်ပံကစားသမား ဆာကာ၊ ခံစစ်ကစားသမား ဆာလီဘာနှင့် ဂါဘရီရယ်၊ ဂိုးသမား ရမ်ဒေးလ်၊ တိုက်စစ်မှူး မာတင်နယ်လီနှင့် နယ်လ်ဆင်တို့ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် အသင်းခေါင်းဆောင် အိုဒီဂတ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်း သိရသည်။

အိုဒီဂတ်သည် အာဆင်နယ် အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ယခုနှစ် ဘောလုံးရာသီပြိုင်ပွဲစုံတွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ရာသီအစကွန်မြူနတီဒိုင်းပွဲစဉ်တွင်လည်း အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သောကြောင့် နည်းပြအာတီတာက ၎င်းကိုဆက်လက်ထိန်းသိမ်းရန်အတွက် ကာလရှည်သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



အသက် ၂၄ နှစ်ရှိ အိုဒီဂတ်သည် ၂၀၂၁ ခုနှစ်က အာဆင်နယ်အသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ချိန်တွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် စာချုပ်ကုန်ဆုံးချိန်တွင် အပြီးသတ်ခေါ်ယူခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံပွဲ ၉၀ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၄ ဂိုးသွင်းယူ၍ ပုံစံကောင်းပြသနိုင်ခဲ့သောကြောင့် နည်းပြအာတီတာ၏ ယုံကြည်မှုကိုရရှိခဲ့ပြီး အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သိရသည်။ ML

# အမျိုးအနွယ်စောင့်ထိန်းဖို့ရာ တို့ဝန်တာ

ညွှန့်ဝင်း(နတ်တလင်း)

သမိုင်းရှိသောလူမျိုးတိုင်းသည် ကိုယ်ပိုင်အမျိုးအနွယ်ရှိကြသည်။ အမျိုးအနွယ်သည် လူမျိုး၏ရင်းမြစ်ဖြစ်သည်။ ထိုအမျိုးအနွယ်ကိုအခြေခံ၍ တည်ဆောက်ထားသော နိုင်ငံ၏ကောင်းကျိုး၊ ဆိုးကျိုးသည် ထိုမျိုးနွယ်၏စောင့်ထိန်းနိုင်မှု ဝံသာနုရက္ခိတ တရားအပေါ်မူတည်သည်။ အမျိုးအနွယ်ကိုစောင့်ထိန်းခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ အမျိုးအနွယ်မစောင့်ထိန်းပါက အခြားယဉ်ကျေးမှုများ ရောယှက်ကာ လူမျိုးပါပျက်သုဉ်းနိုင်သည်။ အမျိုးအနွယ် လူမျိုးပျက်သုဉ်းလျှင် နိုင်ငံ၏လွတ်လပ်ရေးလည်း ဆုံးရှုံးမည်သာဖြစ်သည်။ အမျိုးအနွယ်ကို စောင့်ထိန်းနိုင်ခြင်းကား မြတ်သော မင်္ဂလာတစ်ပါးဖြစ်ပြီး နဝရက်ကိုးပါးထက် တန်ဖိုးရှိပေသည်။ မကိုဋ် ဥဿျှောင်ထက် မြင့်မြတ်ပေသည်။

စာရေးသူတို့မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် မိမိလူမျိုး၊ မိမိဘာသာယဉ်ကျေးမှုကို စောင့်ရှောက်၍ ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။ သမိုင်းခေတ်အဆက်ဆက်တွင် သူတစ်လူ ငါတစ်မင်းနှင့် စည်းလုံးမှုပျက်ပြားခဲ့စေကာမူ မိမိအမျိုးအနွယ်ကို ဇာတိသွေးဇာတိမာန်ထက်သန်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ တိုင်းတစ်ပါး၏ဩဇာခံတတ်သူများမဟုတ်ဘဲ မျိုးချစ်စိတ်ဓာတ်အားမာန်အပြည့်ရှိသော ကိုယ်ပိုင်မူဝါဒနှင့် ရပ်တည်ကြိုးစားခဲ့သူများဖြစ်သည်။ မြန်မာတို့သည် နိုင်ငံရေး၊ စစ်ရေးအားဖြင့် နိုင်ငံ၏အချုပ်အခြာအာဏာ ထိပါးလာမှုကိုမဆိုထားဘိ လူမှုရေး၊ စီးပွားရေးအရ ထိပါးလာမှုကိုပင် လက်မခံခဲ့ကြပေ။ ပုဂံပြည့်ရှင် ကျန်စစ်သားမင်းကြီးသည် တိုင်းတစ်ပါး သွေးရောနှောမှုကို အမြော်အမြင်ကြီးစွာ တားမြစ်နိုင်ခဲ့သည်။ မိဖုရားအပယ်ရတနာကဖွားမြင်သော သမီးတော်ရွှေအိမ်စည်သည် ပဋိက္ခရာမင်းသားနှင့် မေတ္တာမျှနေသည်ကိုသိသောအခါ မှူးမတ်များနှင့်အမြန်ဆုံးတိုင်ပင်ပြီး စောလူးမင်း၏သားတော် စောယွမ်းနှင့်လက်ဆက်ထိမ်းမြားပေးလိုက်သည်။ ကျန်စစ်သားမင်းကြီး၏လုပ်ရပ်သည် မိဘက သားသမီးအပေါ်ထားရှိသော မေတ္တာသက်သက်ကိုသာ ပြဆိုခြင်းမဟုတ်ဘဲ နိုင်ငံအတွက် အဓိကလိုအပ်သော အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဦးစားပေးသော စိတ်ဓာတ်ကို ပြဆိုလိုက်ခြင်းဖြစ်သည်။ အမျိုးအနွယ်ကို စောင့်ထိန်းရမည့် နောင်လာနောက်သားတို့အတွက် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည်။

တောင်ငူဘုရင် ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက်တွင် တိုင်းရင်းသားအမျိုးအနွယ်စုတို့ကို ဥမကွဲသိုက်မပျက်စေဘဲ သွေးစည်းညီညွတ်အောင်ဆောင်ရွက်ကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို အင်အားတောင့်တင်းစွာ တည်ထောင်နိုင်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင်လည်း အလောင်းမင်းတရားဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံကို တည်ထောင်ကာ မိမိအမျိုးအနွယ်၊ မိမိဘာသာယဉ်ကျေးမှုကို စောင့်ရှောက်မြှင့်တင်ခဲ့ပေသည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မြန်မာတို့သည် အမျိုးအနွယ်စောင့်ရှောက်မှုကို လျော့ပါးလာသဖြင့် တိုင်းတစ်ပါးသူလျှိုတို့၏ သပ်လျှိုသွေးခွဲမှုကိုခံရကာ စည်းလုံးမှုပျက်ပြားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့ပြီး ကိုလိုနီဘဝတွင် ခါးသီးစွာ နေထိုင်ခဲ့ရသည်။

သို့သော် သူ့ကျွန်မခံလိုသော မြန်မာတို့၏ ဇာတိသွေးဇာတိမာန်နှင့် အမျိုးအနွယ်စောင့်ရှောက်မှု ဝံသာနုရက္ခိတ တရားတို့ကြောင့် လွတ်လပ်ရေးအတွက် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့ကြသည်။ မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မည်ဟူသော မြန်မာဆိုရိုးစကားကို အမြဲသတိရှိရှိနှင့်လက်ကိုင်ထားကာ မိမိတိုင်းရင်းသားအမျိုးအနွယ်တို့ကို အခြားလူမျိုးခြားတို့၏သွေး ရောနှောမခံရအောင် တိုက်ထုတ်တွန်းလှန်ခဲ့ကြပေသည်။ လူမျိုးခြားတို့ကို အထင်ကြီးအောက်ကျို့သူတို့ကို စက်ဆုတ်ဝိုင်းပယ်ခဲ့ကြသည်။ လူမျိုးခြားတို့၏ ပြုမူခြယ်လှယ်ပုံကို ဒဂုံဆရာတင်က "ရွှေကိုယူသည်၊ ငွေကိုယူသည် ပြီးတော့ လူကိုပါယူသည်၊ အမျိုးပျောက်မှာ စိုးကြောက်လှသည်"ဟု "အာဏာရှင်" သီချင်းတွင် စပ်ဆိုရေးဖွဲ့သည်။ နယ်ချဲ့လက်အောက်ကျရောက်နေဆဲမှာပင် မိမိအမျိုးအနွယ်ကိုစောင့်ထိန်းရာ၌ အနုပညာရှင်တို့က အနုပညာဖြင့် အမျိုးဂုဏ်စောင့်ထိန်းရန် နှိုးဆော်ခဲ့ကြသကဲ့သို့ မျိုးချစ်မြန်မာတို့ကလည်း လွတ်လပ်ရေးကိုအရယူကာ အမျိုးအနွယ်ထိန်းခြင်းတာဝန်ကို ကျေခဲ့ကြသည်။

❖ လူမျိုးတိုင်းသည် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ခေတ်အဆက်ဆက် ထိန်းသိမ်းမြှင့်တင်ခဲ့ကြသည်။ အမျိုးဂုဏ်ဆိုသည်မှာ ကိုယ့်လူမျိုးနှင့် ကိုယ့်လူမျိုးဂုဏ်ကိုထိန်းသိမ်းရန်နှင့် ကိုယ့်အမျိုးအနွယ် မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်းကို ဆိုလိုပေသည်။ ဇာတိဂုဏ်ဆိုသည်မှာ ကိုယ့်ဇာတိ၊ ကိုယ့်နေရပ်၊ ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုး တန်ဖိုးထားတတ်သည့်စိတ်၊ ဤမြေတွင်မွေးဖွား၊ ဤရေကို သောက်ပြီး ဤဒေသရှိလူမျိုးများနှင့် သေတူရှင်ဖက် မခွဲမခွာ၊ ကောင်းတူဆိုးဖက် တစ်သက်လုံးနေထိုင်သွားလိုသည့်စိတ်မျိုးဖြစ်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ရှိမှသာလျှင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာမည်ဟု အစဉ်အမြဲ ခံယူထားခြင်းပင်ဖြစ်သည်။ ❖

မြန်မာ့သမိုင်းပညာရှင်ကြီးတစ်ဦးက အမျိုးဘာသာ ကြာရှည်တည်တံ့ရေးအတွက် မိန့်ဆိုခဲ့ဖူးသည်။ ပညာရှင်ကြီးမိန့်ဆိုမှုမှာ "သမိုင်းမရှိသောလူမျိုးသည် အမြစ်မပါသောသစ်ပင်နှင့်တူသည်။ ရှင်သန်တည်တံ့နိုင်စွမ်းမရှိ။ အပွင့်၊ အသီးမပါသောအပင်သည် ဖွံ့ဖြိုးတိုးတက်မှုမရှိသည့်အပြင် မျိုးဆက်ပွားများမထုတ်နိုင်သောကြောင့် မျိုးသုဉ်းသွားဖွယ်ရှိသည်။ အမြစ်နှင့်တူသောသမိုင်း၊ အသီး၊ အပွင့်နှင့်တူသော ယဉ်ကျေးမှုနှစ်ရပ်ရှိသော လူမျိုးသည်သာ ကြာရှည်တည်တံ့ရှင်သန်ပြီး မျိုးဆက်ပွားနိုင်ပေမည်"ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ သမိုင်းရှိသော လူမျိုးတိုင်းသည် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ခေတ်အဆက်ဆက် ထိန်းသိမ်းမြှင့်တင်ခဲ့ကြသည်။ အမျိုးဂုဏ်ဆိုသည်မှာ ကိုယ့်လူမျိုးနှင့် ကိုယ့်လူမျိုးဂုဏ်ကို ထိန်းသိမ်းရန်နှင့် ကိုယ့်အမျိုးအနွယ် မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်းကို ဆိုလိုပေသည်။ ဇာတိဂုဏ်ဆိုသည်မှာ ကိုယ့်ဇာတိ၊ ကိုယ့်နေရပ်၊ ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုး တန်ဖိုးထားတတ်သည့်စိတ်၊ ဤမြေတွင်မွေးဖွား၊ ဤရေကိုသောက်ပြီး ဤဒေသရှိလူမျိုးများနှင့် သေတူရှင်ဖက် မခွဲမခွာ၊ ကောင်းတူဆိုးဖက် တစ်သက်လုံးနေထိုင်သွားလိုသည့်စိတ်မျိုးဖြစ်ပြီး အမျိုးဂုဏ်၊ ဇာတိ ဂုဏ်ရှိမှသာလျှင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာမည်ဟု အစဉ်အမြဲခံယူထားခြင်းပင်ဖြစ်သည်။

မိမိတို့၏အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမျိုးဂုဏ်ရောင်ထွန်းပြောင်စေရန် အရောင်တင်ပေးရမည်မှာ ကျွန်ုပ်တို့မလွဲမသွေ ကျေပွန်စွာထမ်းရွက်ရမည့် သမိုင်းပေးတာဝန်ဖြစ်သည်။ "မျိုးစေ့မမှန်ပင်မသန်၊ ဖူးတံငုံကင်းအသီးဖျင်း၏"ဆိုသကဲ့သို့ ညံ့ဖျင်းသောမျိုးစေ့မှပေါက်ဖွားလာသည့် အပင်သည် သန်စွမ်းမှုကင်းမဲ့ပေလိမ့်မည်။ ထို့အတူပင် မျိုးရိုးဗီဇညံ့ဖျင်းသူသည် အစွမ်းအစကောင်းမရှိဘဲ သိမ်ဖျင်းပေလိမ့်မည်။ ထို့ကြောင့် မိမိတို့၏ မျိုးရိုးဗီဇ မညံ့ဖျင်းစေရန်၊ အမျိုးဂုဏ်မတိမ်ကောစေရန် ကာကွယ်စောင့်ရှောက်ကြရပေလိမ့်မည်။ အမျိုးဂုဏ်စောင့်ထိန်းခြင်းနှင့်ပတ်သက်၍ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကပင် "အမျိုး၏ကောင်းကျိုးချမ်းသာကို စောင့်ထိန်းလုပ်ဆောင်ခြင်း"ဟူ၍ ဟောကြားလမ်းညွှန်ခဲ့ပေသည်။ မိမိတို့မျိုးရိုးစဉ်ဆက်စောင့်ထိန်းလာသော အစဉ်အလာ၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာစာပေတို့ကို ကြာရှည်တည်တံ့အောင် မိမိတို့၏ ဓလေ့စရိုက်ကျင့်ဝတ်များနှင့်အညီ ကြိုးစားစောင့်ထိန်းကြရပေမည်။ "လူမှာအမျိုး ကြက်မှာအရိုး" ဆိုသကဲ့သို့ မိမိတို့မျိုးရိုးအစဉ်အလာသည် ဝင့်ထည်တင့်တယ်နေစေရန် မျိုးဆက်သစ်လူငယ်များ၏ ထိန်းသိမ်းစောင့်ရှောက်မှုစွမ်းပကားပေါ်တွင် မူတည်နေပေသည်။ ထို့ကြောင့် သိင်္ဂါလောဝါဒသုတ်ပါ သားသမီးဝတ်ငါးပါးကို သင်္ဂဇဆရာတော်ကြီးက ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍ စောင့်လေမျိုးနွယ်"ဟု ထည့်သွင်းဖွဲ့ဆိုခဲ့ပေသည်။

ယနေ့ခေတ်အခါတွင် သိပ္ပံပညာရပ်များထွန်းကားလာခြင်းနှင့်အတူ တိုင်းတစ်ပါးယဉ်ကျေးမှုတို့သည်လည်း ကူးလူးယှက်နွယ်ရောက်ရှိလာသည်။ မြန်မာနိုင်ငံတွင်းသို့ အနောက်တိုင်းယဉ်ကျေးမှုများ စိမ့်ဝင်ပျံ့နှံ့လာရာ စိတ်ဓာတ်မခိုင်မာသေးသော၊ မရင့်ကျက်သေးသောလူငယ်များ၏ နှလုံးသား၌ အနောက်တိုင်းယဉ်ကျေးမှုများ ခိုအောင်းလွှမ်းမိုးလာပေသည်။ အနောက်တိုင်းယဉ်ကျေးမှုစရိုက်များသည် မြန်မာ့ယဉ်ကျေးမှုတွင် ယဉ်ကျေးမှုကင်းမဲ့သော စရိုက်လက္ခဏာများ ဖြစ်နေပေသည်။ ထို့ကြောင့် လူငယ်တို့သည် အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးကာ အတုယူမမှားစေရန် ဂရုပြုကြရပေမည်။ အမျိုးမတူသော ထိုလူမျိုးတို့နှင့်စွန်းထင်းညစ်ထေးနေသော ယဉ်ကျေးမှုစရိုက်များကို အမြတ်တနိုးတန်ဖိုးထားနေခြင်းကား မိမိတို့အမျိုးဂုဏ်ကို ပျက်စီးစေမည်သာဖြစ်သည်။

မြန်မာတို့သည် မျိုးနွယ်ကိုစောင့်ထိန်းပြီး ဘာသာ၊ ယဉ်ကျေးမှုကို တန်ဖိုးထားကာ မိမိတို့နိုင်ငံကို တည်ထောင်နိုင်ခဲ့ကြပေသည်။ သို့သော် မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှုကိုမလိုလားသော အနောက်နိုင်ငံကြီးများသည် စီးပွားရေးနည်းဖြင့် လုပ်ကြံသည်။ နိုင်ငံရေးနည်းဖြင့် ချောင်းမြောင်းသည်။ ယဉ်ကျေးမှုကူးစက်စေခြင်းနည်းဖြင့် လွှမ်းမိုးသည်။ မူးယစ်ဆေးဝါးနည်းဖြင့်ပင် ကြိုးစားကြသည်။ ၎င်းကို ယနေ့လူငယ်တို့ အသိမှား၊ အကင်းပါးကြရန် လိုပေသည်။ ခေတ်သစ်နည်းဖြင့် လွှမ်းမိုးချုပ်ကိုင်၍ အမျိုးအနွယ်တိမ်ကောပပျောက်အောင် ကြိုးစားနေသော အကောက်ကြံနိုင်ငံကြီးများ၏ရန်ကို မြန်မာတိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကာကွယ်ကြရပေမည်။ မကြာသေးမီက လူမှုကွန်ရက်တွင် နိုင်ငံခြားသားတစ်ဦး ဇာတ်ညွှန်းရေးရိုက်ကူးသည့် ဇာတ်လမ်းရုပ်ရှင်တစ်ခု ပျံ့နှံ့လာသည်။ ထိုဇာတ်လမ်းတွင် မြန်မာတို့၏ အထွတ်အမြတ်ကိုးကွယ်ရာ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များကို ရည်ရွယ်ချက်ရှိ ထိပါးစော်ကား ရိုက်ကူးထားသည်ကို တွေ့ရသည်။ ထို့ကြောင့် အမျိုးဘာသာကို ကာကွယ်စောင့်ရှောက်ရန်အတွက် အဆိုပါရုပ်ရှင်ဇာတ်လမ်းတွင် ပါဝင်ပတ်သက်သူများကို တာဝန်ရှိသူများက ဖော်ထုတ်ဖမ်းဆီး အရေးယူခဲ့သည်။ ယခင်ကလည်း တိုင်းတစ်ပါးသားနှင့် လက်ထပ်ထိမ်းမြားစေခြင်းနည်းဖြင့် မြန်မာအမျိုးအနွယ်ပျောက်အောင် ကြံစည်အားထုတ်မှုများရှိခဲ့သည်။ မြန်မာလူငယ်သားပျို၊ သမီးပျိုတို့ အလေးထားစောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်ဖြစ်ပေသည်။

အတိတ်သမိုင်းတွင် မြန်မာတို့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရပြီး သူ့ကျွန်ဘဝရောက်ခဲ့ရသည်မှာ အမျိုးစောင့်တရား လစ်ဟင်းခဲ့၍ဖြစ်သည်။ မြန်မာ့မြေတွင် လျှို့ဝှက်ရောက်ရှိနေသော တိုင်းတစ်ပါးသားတို့၏ ဖန်တီးမှုလှည့်ကွက်များကြောင့် မြန်မာတစ်မျိုးနွယ်လုံး လွတ်လပ်ရေးကြီး မြန်မြန်ဆန်ဆန် ဆုံးရှုံးချိန်မတန်ဘဲ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် နယ်ချဲ့နည်းမျိုးစုံဖြင့်ဉာဏ်ဆင်နယ်ချဲ့လျက်ရှိကြရာ ထိုနည်းမျိုးစုံထဲတွင် အမျိုးအနွယ်ကိုဝါးမျို၍ အမျိုးပျောက်စေခြင်းနည်းလည်း တစ်နည်းအပါအဝင်ဖြစ်သည်။ ဤအချက်ကို မပြတ်သတိပြုလျက် မိမိတို့အမျိုးကို မိမိတို့ကိုယ်တိုင်ကာကွယ်စောင့်ရှောက်ရပေလိမ့်မည်။ အလျဉ်းသင့်၍ စာရေးသူကိုယ်တိုင် သိရှိခဲ့ရသော မိတ်ဆွေမြန်မာ အမျိုးသမီးတစ်ဦးအကြောင်း တင်ပြလိုပါသည်။

ထိုအမျိုးသမီးသည် လူမျိုးခြားမှန်းမသိခဲ့သော အမျိုးသားတစ်ဦးနှင့် ချစ်ကြိုက်မိခဲ့သည်။ ဖြူစင်သော ချစ်ခြင်းနှင့် အပြန်အလှန် သံယောဇဉ်နှောင်ဖွဲ့မှုသာ ဖြစ်ခဲ့သည်။ မိဘများ၏စုံစမ်းလေ့လာမှုဖြင့် ထိုအမျိုးသားသည် လူမျိုးခြားဖြစ်ကြောင်း သိခဲ့ရချိန်မှစ၍ အမျိုးသားနှင့် အဆက်အသွယ်ဖြတ်ကာ မိဘပေးစားသူ မြန်မာအမျိုးကောင်းသားနှင့် လက်ထပ်ခဲ့သည်။ မိတ်ဆွေအမျိုးသမီး၏မှန်ကန်သော အမျိုးစောင့်တရား စောင့်ထိန်းနိုင်ခဲ့မှုကို လေးစားချီးကျူးမိသည်။ အမှန်စင်စစ် မြန်မာအမျိုးကောင်းသမီးတို့သည် မည်သည့်နိုင်ငံ၊ မည်သည့်အခြေအနေနှင့်နီးစပ်စေကာမူ မိမိမြန်မာမျိုးရိုးမပျက်အောင် စောင့်ထိန်းသစ္စာထားခဲ့ကြပေသည်။

ကမ္ဘာပေါ်၌ လူမျိုးတစ်မျိုး၏ အမည်နာမ ထာဝရ ရပ်တည်ရှင်သန်နိုင်ရန်အတွက် အမျိုးအနွယ်စောင့်ထိန်းမှုသည် အသက်တမျှ အရေးပါလှသည်။ မိမိအမျိုးအနွယ်ကို စောင့်ထိန်းရာ၌လည်း အမျိုးစစ်ရန်၊ အမျိုးချစ်ရန်လိုပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မျိုးချစ်စိတ်မြင့်မားစေရန်၊ အမျိုးဂုဏ် ဇာတိဂုဏ်များကို ဖော်ထုတ်ပေးသည့် အငြိမ့်ပြိုင်ပွဲများ၊ ဇာတ်သဘင်နှင့်ရုပ်သေးပြိုင်ပွဲများ၊ အဆိုအက၊ အရေးအတီးပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။

သို့ဖြစ်ရာ အမျိုးချစ်လိုသူတိုင်း၊ အမျိုးစစ်လိုသူတိုင်းက မိမိတို့အမျိုးအနွယ်ကို အသက်နှင့်ထပ်တူ မြတ်နိုးကာ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ပေသည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်သော လူမျိုးနှင့်နိုင်ငံသည်သာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေမည် ဖြစ်ပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **စောင့်လေမျိုးနွယ် (ဦးရဲဝေ မြန်မာစာ)**
- **အမျိုးဂုဏ်ထိန်းသိမ်းရေး (ဦးရဲဝေ မြန်မာစာ)**

## ရန်ကင်းမြို့နယ်ရှိ Orient art Gallery တွင် ပန်းချီဆရာ ကိုးဦး၏ ပန်းချီလက်ရာများကို စုစည်းပြသမည်ဖြစ်



**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Orient art Gallery တွင် ပန်းချီဆရာကိုးဦး၏ ပန်းချီလက်ရာများကို စုစည်းပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲ၌ ပါဝင်သူ ပန်းချီ မင်းရီက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီ မာန်ဇာဟိန်း၊ ပန်းချီ မျိုးကျော်၊ ပန်းချီ လှိုင်ဘွား၊ ပန်းချီ မောင်သိန်းလှိုင်၊ ပန်းချီ မင်းရီ၊ ပန်းချီ သုဝဏ်၊ ပန်းချီ အောင်သင်းဦး၊ ပန်းချီ နေလင်းမောင်၊ ပန်းချီ မောင်သီဟ ပန်းချီဆရာ ကိုးဦးတို့၏ လက်ရာစုံ ပန်းချီကား ၅၀ ခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲမှာ ပါဝင်မဲ့ပန်းချီကားတွေက ဒီနှစ်မှာမှ ရေးဆွဲထားတဲ့ ပန်းချီကားသစ်တွေ ဖြစ်ပါတယ်။ ပန်းချီကားအားလုံးကို အွန်လိုင်းက ကြည့်ရှုဝယ်ယူနိုင်ဖို့လဲ စီစဉ်ထားပါတယ်။ ပန်းချီဆရာတွေ တိုင်ပင်ပြီးတော့ အကြောင်းအရာစုံလင်အောင် ပြသထားတာပါ" ဟု ပန်းချီ မင်းရီက ပြောပြသည်။

အဆိုပါပန်းချီပြပွဲကို စက်တင်ဘာ ၁၁ ရက်မှ စက်တင်ဘာ ၁၅ ရက်ထိ ပြသပေးသွားမည်ဖြစ်ကာ ၎င်းပန်းချီကားများကို အွန်လိုင်းမှလည်း ပြသပေးထားမည်ဖြစ်ကြောင်း သိရသည်။

ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။ ASH

## Jawan လျှို့ဝှက်သည်းဖိုဇာတ်ကား စတင်ရုံတင်သည့်ရက်တွင် စံချိန်တင်ဝင်ငွေရရှိခဲ့


**နယူးယောက် စက်တင်ဘာ ၁၀**

ကမ္ဘာကျော် အိန္ဒိယရုပ်ရှင် မင်းသား ရှရွတ်ခန်း၏ Jawan လျှို့ဝှက်သည်းဖို ဇာတ်ကားသည် စတင်ရုံတင်ပြသခဲ့သည့်နေ့မှာပင် စံချိန်တင်ဝင်ငွေ ရရှိခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Jawan လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသည် စတင်ရုံတင်ခဲ့သည့် စက်တင်ဘာ ၇ ရက်မှာပင် အိန္ဒိယရုပ်ရှင်ဈေးကွက်၌ ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်းထိ ရရှိခဲ့ပြီး နိုင်ငံတကာဈေးကွက်တွင်မူ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆ သန်းထိရရှိခဲ့ကြောင်း သိရသည်။

အလားတူ Jawan ဇာတ်ကားသည် မင်းသား ရှရွတ်ခန်းပါဝင်သရုပ်ဆောင်ထားသော Pathaan ဇာတ်ကား၏ အဖွင့်ဝင်ငွေကိုလည်း ကျော်ဖြတ်ခဲ့ပြီး Jawan ဇာတ်ကားတွင် မင်းသား ရှရွတ်ခန်းနှင့်အတူ မင်းသမီး နာယန်သာရာ၊ ဆန်ယာမယ်ဟိုထရာနှင့် မင်းသား ဗီဂျေးဆီသူပါ့သီတို့ ပါဝင်သရုပ်ဆောင်ထားသည်။

Jawan ဇာတ်ကားသည် လူ့အဖွဲ့အစည်းအတွင်းရှိ မတရားမှုများကို ကိုယ့်ဥပဒေနှင့်ကိုယ် ဖြေရှင်းရန် ကြိုးစားခဲ့သော အမျိုးသားတစ်ဦး၏အကြောင်းကို ရိုက်ကူးထားပြီး နာမည်ကျော် အိန္ဒိယဒါရိုက်တာ အရ္ဆန်းကူးမားက တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။ KKO




## ထိုင်းနိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ မြင်းရိုင်းရုပ်များ တင်ပို့သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ မြင်းရိုင်းရုပ်များတင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ထိုင်းနိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့ ယခုလအတွင်း မြင်းရိုင်းရုပ်များကို အဓိက မှာယူလျက်ရှိသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလဆန်းပိုင်းမှာ ထိုင်းနိုင်ငံက မြန်မာ-ထိုင်း နယ်စပ်မြို့လေးတွေဖြစ်တဲ့ မယ်ဆိုင်နဲ့ ချင်းရိုင်မြို့လေးတွေမှာရှိတဲ့ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်တွေက အလျားကိုးလက်မ၊ အမြင့် ရှစ်လက်မရှိတဲ့ မြင်းရိုင်းရုပ်တွေကို အမှာများပါ



တယ်။ အသားကတော့ တောကြီးပိတောက်သား၊ ရင်းတိုက်သားနဲ့ ထုလုပ်မှာဖြစ်ပါတယ်။ ဒီလမကုန်မီ အရုပ် ၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ပန်းပုထည်တွေကို ပဲခူးရွှေမော်ဓော ဘုရားကြီးဈေးက ပန်းပုဆရာတွေက ထုလုပ်ပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းရောင်းဈေးကတော့ မြင်းရိုင်းရုပ်တစ်ရုပ်ကို ငွေကျပ် ၈၀၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ သာမက ဟောင်ကောင်၊ မကာအို၊ ဒါကာ၊ စစ်တကောင်း၊ ကျယ်ခေါင်၊ မဲဆောက်၊ မယ်ဆိုင် စသည့်မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ ASH

## Priscilla ဇာတ်ကားရုံတင်မည့်ရက်ကို A24 ရုပ်ရှင်ကုမ္ပဏီက နောက်ဆုတ်ထား


**နယူးယောက် စက်တင်ဘာ ၁၀**

ကမ္ဘာကျော် အမေရိကန်အမျိုးသမီးဒါရိုက်တာ ဆိုဖီယာကော့ပိုလာ၏ Priscilla ဇာတ်ကားရုံတင်မည့်ရက်ကို A24 ရုပ်ရှင်ကုမ္ပဏီက နောက်ဆုတ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

A24 ကုမ္ပဏီသည် မူလက Priscilla ဇာတ်ကားကို လာမည့်အောက်တိုဘာ ၂၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း၊ သို့ရာတွင် A24 ကုမ္ပဏီသည် မူလအစီအစဉ်ကို ဖျက်၍ Priscilla ဇာတ်ကားကို Dune Part 2 ဇာတ်ကားနှင့်အပြိုင် နိုင်ဝင်ဘာ ၃ ရက်တွင် စတင်ရုံတင်ရန် စီစဉ်ထားကြောင်း သိရသည်။

Priscilla ဇာတ်ကားသည် ကမ္ဘာကျော် ရော့အင်ရိုးလ်အဆိုတော် အဲလ်ဗစ်ပရက်စလေ၏ ဇနီးဟောင်း ပရစ်ဆီလ်လာပရက်စလေ ရေးသားထားသည့် Elvis and Me အတ္ထုပ္ပတ္တိစာအုပ်ကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားသည် ယခုနှစ် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပရိသတ်အားပေးမှုအထူးရထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO




## Dice With Death ကံစရော ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

APP SHOW Mobile Entertainment တွင် ထုတ်လွှင့်ပြသမည့် Dice With Death ကံစရော ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲကို စက်တင်ဘာ ၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ဂမုန်းပွင့် (စံရိပ်ငြိမ်)ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ထူးနွယ်အိမ်က ပြောပြ၍ သိရသည်။


ကံစရော ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ထူးနွယ်အိမ်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ထူးနွယ်အိမ်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဂိမ်းတစ်ခုဆော့ရင်းက ဇာတ်လမ်းလေးကို ကိုဗစ်ကာလမတိုင်ခင်က ဇာတ်အိမ်တည်ဖြစ်တာပါ။ ကိုယ်က Horror Thriller ရိုက်ကူးရတာ အားသန်လို့ ဒီလိုဇာတ်လေးရိုက်ဖြစ်တာပါ။ ဇာတ်ကောင်တွေကိုလဲ Casting သေချာခေါ်ယူခဲ့တယ်။ 3H Art Production က Talent ထွက်တဲ့ သင်တန်းသားတွေကို အဓိကထားပြီး ရွေးချယ်ခဲ့တယ်။ လူတိုင်းဟာ ဘဝမှာကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်ချင်မှဖြစ်တာ။ မဖြစ်ချင်တာတွေလဲဖြစ်တတ်တယ်။ ဒီအရာတွေက အဆိုးလဲရှိသလို အကောင်းလဲရှိတယ်။ တစ်ခါတလေ ကိုယ်မမျှော်လင့်ထားတာတွေက ကံစရောအတိုင်းဖြစ်တတ်တယ်ဆိုတာ ကိုဗစ်ကာလမှာ ကျန်းမာရေးကောင်းနေရာက မဖြစ်သင့်တဲ့ အဖြစ်အပျက်တွေဖြစ်ခဲ့တာလဲ သာဓကပဲလေ" ဟု ဒါရိုက်တာ ထူးနွယ်အိမ်က ပြောပြသည်။

Dice With Death ကံစရော ရုပ်ရှင်ဇာတ်ကားကို APP SHOW Entertainment Mobile Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး သရုပ်ဆောင် ပြည့်ဖြိုးစံ၊ ခန့်ထက်ညား၊ ဒီမိုးစက်၊ လင်းထက်၊ ရဲရင့်မင်းခန့်၊ စနိုးကြည်ဖြူ၊ မေဘယ်လ်၊ ယုယုဇော် စသည့် အနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla pay obeisance to Thiri Mingalar Mansu Shan Monastery Sayadaw in Lashio, offer rice, alms


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to the Sayadaw.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer meals to members of the Sangha.

**Nay Pyi Taw September 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, their entourage, the chief minister of Shan State, the commander of the North-East Command and party, paid obeisance to Thiri Mingalar Mansu Shan Monastery Sayadaw Agga Maha Gantha Vacaka Pandita Agga Maha Kammatthana Cariya Agga Maha Saddhammajotika Dhaja Dr Bhaddanta Ponnya Nanda in Lashio this morning and offered alms to the Sayadaw.

First, the Senior General and wife, accompanied by the entourage, arrived at the Thiri Mingalar Mansu Shan Monastery and were greeted cordially with traditional dances.

Then, the Senior General and wife paid obeisance to the Thiri Mingalar Mansu Shan Monastery Sayadaw and offered the marble replica of the Mara Vihaya Buddha Image, rice and alms to the Sayadaw.

Afterward, the Senior General and wife planted a commemorative Lumbini sal tree in front of the three-storey Thiri Mingalar Dhamma Ratana building.

Then, the Senior General and wife and party offered day-time meals to monks studying at the monastery led by the Sayadaw.

Afterward, the Senior General and wife and party accepted Dhamma gifts presented by the Sayadaw and meditated on Ovada delivered by the Sayadaw.

100

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets with local people's militia troops in Shan State (North)

**Nay Pyi Taw September 10**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met with local people's militia troops at Shweli Yadana Hall of the North-East Command Headquarters in Shan State (North) this morning.

Also present at the meeting were Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, high-ranking senior military officers from the Office of the Commander-in-Chief, the Shan State Chief Minister, Union level officials, the commander of North-East Command and officials, Leader of Border Guard Force Supervisory Body Col Wai Hsan (Retd), Leader of Namkham Myoma People's Militia U Aik Sam, Leader of Pansay People's Militia U Kyaw Myint, Leader of Manpang People's Militia U Sai Mon, Leader of Hseng Keow People's Militia U Loi Moung, Leader of Monese People's Militia U Sai Mon and Leader of Htinpakeng People's Militia U Khin Maung Lwin.

First, the Senior General delivered a speech, saying that Shan State (North) is sharing border with neighbour China, managing border trade on export and import, so it is an important region for political and economic arenas. It is necessary to produce larger volume of quality domestic products to be exported to foreign countries. The Senior General expressed his goodwill for Shan State (North) to develop socioeconomic life, and to do so, the area must be peaceful and stable. People from Shan State (North) are keen to do


Senior General Min Aung Hlaing meets the local people's militia leaders.

their works peacefully. So, it needs to be one with local people and make collaborative efforts for peace and stability and development based on genuine goodwill of peace.

In the post-independence era, Myanmar has been facing ethnic armed conflicts, and Shan State (North) was invaded by Kuomintang. When those Kuomintang troops retreated, there remained armed insurgencies. Likewise, Community Party of Burma (Ba Ka Pa) triggered the armed insurrection till today.

Local people's militia troops are a force supporting the security measures taken for the State and they are serving duties conscientiously with patriotic spirit for ensuring peace and stability of the region. Hence, the Senior General expressed his recognition over their efforts of serving the peace and stability of the region of their own accord. In reviewing the armed conflicts, it was caused by political, ethnic and religious diverse perception.


With regard to different political perception, political doctrines have been diverse in successive eras since the post-independence era. After 1988, they have been easing tension of political doctrines. It can be said that armed conflict based

See Page 13

Page From 12

on ethnic affairs was a legacy of colonialists. With regard to the ethnic affairs, the Constitution stipulates sharing administration and judicial powers to regions and states. So, it mentions that no discrimination can be seen in ethnic affairs. The Constitution (1947) stated provisions on religious affairs. Moreover, the Constitution (2008) also mentioned exact provisions on religious affairs. Nobody should be diverse their perceptions on the religious ground, and they all have to join the democratic system and Hluttaw platform peacefully for demanding their desires and rights under the law.

In implementing the democratic and federal administration, it needs to exercise the federalism based on the region. In fact, the federalism can be categorized as ethnic-based federalism and region-based federalism. The majority of global countries are exercising the region-based federalism. The region-based federal system is the most appropriate for Myanmar. Ethnic armed organizations demand ethnic affairs at the peace talks but regional affairs, adding that they should represent the organizations representing the region but a group of people. The Senior General reiterated that the Tatmadaw will firmly stand on the Nationwide Ceasefire Agreement-NCA in implementing the peace process. Local people's military troops in Shan State (North) must urge all ethnic armed organizations to participate in the regionwise peace and stability and peace process.


Senior General Min Aung Hlaing presents foodstuff to a people's militia leader.


Senior General Min Aung Hlaing presents a Buddha statue to a a people's militia leader.

Today's meeting aimed to discuss necessary measures to cooperate among the government, Tatmadaw and ethnic organization in restoring peace and stability of Shan State (North). The State Administration Council has been serving the State responsibilities for more than two years. The government set an aim to hold a free and fair multiparty democratic general election. As the 2020 multiparty democratic general election prioritized a person, the unsuitable measures happened for the State. In the second term of democratic government, the administration and economic matters of the State were undertaken under the advice of foreign countries. Unnoticeably doing things under influence of foreign countries can be defined as losing the independence of the State. Although the country needs to harmonize with other countries in international relations, it should not accept influence. Myanmar is exercising the independent, active and non-aligned foreign policy. Focusing on the global peace and the friendly relations with other countries, Myanmar is fostering the peaceful co-existence principles. It is necessary to be harmony with neighbouring countries and everything must be done under the prescribed laws. It is necessary to recognize laws of other countries and follow existing laws of Myanmar and value them.

The townspeople and authorities alike in the region need to have a common attitude and work together to do the jobs they should for the regional peace and development. The requirements and demands for regional progress should be met in a democratic manner. The destruction of the roads, bridges and buildings constructed by the State for regional development disrupts the emergence of human resources and impacts the region itself. The internal armed conflicts are harming the education and socio-economic development of the local people in the conflict areas. There are large development gaps between the regions with peace and stability and those without. With regional peace and stability, measures for the socio-economic improvement of the locals can be taken. This is why mobilization and cooperation with the local people are necessary for regional peace, stability and the rule of law.

So, all the respective regions are urged to cooperate in ending the armed conflict. With peace and stability, voter lists can be made to hold an election again. Now, population data are being gathered and a national census will be taken in 2024. In accord with the SAC's motto: "Keep moving forward to achieve our goal", efforts are being made to build a better State and socio-economy.

Domestic manufacturing is being encouraged for national economic growth. It is necessary to produce industrial goods from the raw materials coming from the agricultural and livestock breeding businesses. The indigenous people should be prioritized in manufacturing regional industrial products. The socio-economy of the region and its people will develop. We are providing assistance for the development of Shan State (North). Lashio airport is being upgraded so jet aircraft can land. Meanwhile, the railroads and motor roads are being repaired and upgraded for smooth transportation.

In tapping natural resources, it is better to produce and sell value-added goods rather than raw materials. Shan State (North) grows a lot of coffee, tea, maize and sunflowers. Those products can be made into value-added ones. Livestock breeding activities should be systematically and successfully carried out. Value-added products can be manufactured from them for export purposes. Plans will be made to establish an industrial and livestock zone in Lashio.

The people's militia in Shan State (North) need to cooperate with the government, the Tatmadaw and the people in the efforts for regional peace and stability, the rule of law and socio-economic progress. We have to try our best in view of achieving the development of the region and the people for the sake of the country. The State and the Tatmadaw will provide necessary assistance.

Next, the leaders of the people's militia reported on the displacement of some locals caused by the ethnic armed organizations' destructive acts, assistance to be rendered by the State to establish factories and workshops and ensure smoothness in exporting local products, cooperation between the people's militia and the Tatmadaw for regional peace and stability, the Tatmadaw's assistance for regional development of ethnic Monewin Bama, continuous assistance for the success of agricultural and livestock breeding businesses. The Senior General attended to their needs.

After the meeting, the Senior General presented Maravijaya Buddha Image-replica stone statues as a Dhamma gift and foodstuffs to the members of the people's militia. He then cordially greeted them. 100

# More than 46,000 private industries registered till August 2023-24 FY


A private industry in operation.

**Nay Pyi Taw September 10**

The Ministry of Industry stated that it has registered more than 46,000 private industries across the nation till August of 2023-24 financial year.

The Department of Industrial Supervision and Inspection allowed registration of local industries for their development and systematic operations.

In so doing, a total of 43,211 private industries were registered in 2011-12 financial year, compared with 46,003 industries in 2023-24 financial year, increasing 2,792 industries during the period.

At present, most of the registered private industries are located in Yangon Region, followed by Mandalay and Ayeyawady regions.

The statistics of the Ministry of Industry stated that there are 2,037 private industries in Kachin State, 270 in Kayah State, 1,209 in Kayin State, 730 in Chin State, 4,833 in Sagaing Region, 1,988 in Taninthayi Region, 3,762 in Bago Region, 2,958 in Magway Region, 6,398 in Mandalay Region, 2,445 in Mon State, 1,283 in Rakhine State, 7,470 in Yangon Region, 4,580 in Shan State, 5,365 in Ayeyawady Region and 675 in Nay Pyi Taw Council Area, totalling 46,003. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects Konmyint 1 farm of N-E Command


Senior General Min Aung Hlaing inspects a cow farm.

**Nay Pyi Taw September 10**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing accompanied by his entourage, and the Shan State chief minister, the North-East Command commander and officials, inspected Konmyint 1 farm of the command this morning.

At the briefing hall, Commander Maj-Gen Naing Naing Oo reported on cultivation of monsoon paddy, millet, sunflower, nivea grass, homong grass, tissue banna, and seasonal crops, and fresian cow, beef cattle, local cow (nwa pyasein), goat, DYL pig, fish, layer and broiler breeding at the farm, distribution of produce to Tatmadaw families, Myanmar Police Force members, education staff and departments at reasonable prices, production of feed for chicken and pigs and selling of surplus products at fair prices.

In response, the Senior General said high-yield monsoon paddy strains that are suitable with the region must be chosen, and seeds, soil, water and technology must be systematically utilized to increase per-acre yield. Seed-paddy should be distributed to battalion and units, and the surplus, to local farmers. Shan State (North) should strive to become a model sunflower cultivation area by increasing per-acre yield. Tissue banana should be distributed to departments and local people in addition to battalions and units at fair prices.

Milk cow, beef cattle, local cow, DYL pig, layer, broiler and fish farming should be systematically carried out. The produce should be sold to Tatmadaw families at reasonable prices and the surplus to departments and local people as a way to bring down commodity prices to a certain degree. The surplus production from the feed factory should be sold to local farms. The command should strive to successfully carry out farming activities till its farm becomes a model business.

The Senior General and party inspected milk cow, beef cattle and local cow, DYL pig breeding and looked around the farm. The Senior General looked into the requirements presented by officials. 100

# Kinda Dam irrigates 81,000 acres of monsoon paddy, other crops this season

**Mandalay September 10**

Kinda Dam in Myittha Township of Mandalay Region irrigated more than 81,000 acres of monsoon and other crops this season, said assistant director U Myo Min Thant of the Mandalay Region Department of Irrigation and Water Utilization Management.


A paddy plantation that receives irrigation water from Kinda dam.

Left and right canals of the dam and Panlaung irrigation area set target of growing 83,427 acres of monsoon paddy and 12,382 acres of other crops. From 20 June to date, a total of 77,216 acres of monsoon paddy and 4,641 acres of other crops, totalling 81,857 acres of farmlands have been grown, accounting for some 85 per cent.

"Kinda Dam is located in Myittha Township. It contributes to supply of drinking water, greening and generating electricity for the region. The dam supplies water to setting a target on cultivation of 1,730 acres of summer paddy and more than 36,645 acres of other crops in Myittha, Kyaukse and TadaU townships in Meiktila district in 2023. But, it exceeded supply of water to crops exceeding 2,470 acres of summer and 48,883 aces of other crops rather than the target," said the assistant director.

The dam stores 468,300 acre-feet of water this year, exceeding more than 110,000 acre-feet of water than 2022.

Due to El Nino process, efforts are being made to irrigate farmlands in coming summer for benefiting the croplands so as to overcome shortage of water. 185

# More than 7,900 vehicles initially registered in August of 2023-24 FY

**Yangon September 10**

The Directorate of Road Transportation Administration stated that it has initially registered more than 7,900 vehicles in August 2023.

The directorate prioritizes registration for SKD vehicles assembled at home and the Ministry of Industry in addition to imported vehicles.

In this regard, the registration was given to private cars, buses, light trucks, cargo trucks, other vehicles, two-wheel vehicles, three-wheel vehicles, trawlergy, heavy machinery and trailers.

In August, 5,708 imported vehicles and 2,235 SKD vehicles were allowed for registration. These were 447 private cars, five buses, 196 light trucks, 42 cargo trucks, 182 others, 3,815 two-wheel vehicles, 556 three-wheel vehicles, 236 trawlergy, 29 heavy machinery and 200 trailers, totalling 5,608.

Moreover, SKD partially assembled at home were 266 private cars, 44 light trucks, 1,717 two-wheel vehicles, 206 three-wheel vehicles and two trawlergy, totalling 2,235.

At present, EVs are allowed to exempt the tariff and these are allowed for import under the permission of the National Level EV and Related Industries Development Leading Committee. These EVs are also allowed for initial registration. 336


Vehicle inspection department.

# Restaurants not in line with licence rules to face legal action

**Yangon September 10**

The Yangon City Development Committee on 7 September stated that action will be taken against the businesses and restaurants in Yangon municipal area for not following the disciplines from licence.

The applicants to operate restaurants must submit the applications attached to citizenship scrutiny card photo copy, Visa/passport copy, company documents, no objection of those around the restaurants, tax paid documents, endorsement of the Fire Services Department through www.ycdc.gov.mm and to relevant township development administrator offices.

The licence holders have to follow the disciplines. If not, they will face legal action with fine or revocation of licence or cancellation of licence. 336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပိုလန်နိုင်ငံက HAASTA တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသ



ပိုလန်နိုင်ငံသည် ရန်သူဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် ရန်သူလေကြောင်းရန်ကာကွယ်ရေးများကို ရှောင်ကွင်းပျံသန်းနိုင်စွမ်းရှိသည့် HAASTA တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသလိုက်ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

HAASTA ဟုအမည်ပေးထားသော အဆိုပါ တိုက်ခိုက်ရေးဒရုန်းသစ်သည် ပိုလန်နိုင်ငံ Kielce မြို့တောင်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာကာကွယ်ရေးစက်မှုလုပ်ငန်းပြပွဲအတွင်း စတင်မိတ်ဆက် ပြသခဲ့ခြင်းလည်းဖြစ်သည်။

HAASTA တိုက်ခိုက်ရေးဒရုန်းသစ်သည် လျှပ်စစ်ပေါင်းစပ် အင်ဂျင်တစ်မျိုးအသုံးပြုထားပြီး အလျင်နှုန်း တစ်နာရီမိုင် ၁၇၀ (တစ်နာရီ ၂၇၄ ကီလိုမီတာ)နှင့် အမြင့် ၄ မိုင်(၆ ဒသမ ၄ ကီလိုမီတာ)ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်သူများ၏ အဆိုအရ HAASTA တိုက်ခိုက်ရေးဒရုန်းသည် အီရန်နှင့်ရုရှားနိုင်ငံတို့ အသုံးပြုသည့် ဒရုန်းများနှင့် တူညီ သောအလျင်နှုန်းနိမ့်သည့် Shahed အမျိုးအစားဒရုန်းများ တိုက်ခိုက်ဖျက်ဆီးရန် အဓိကအားဖြင့် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Combustion Engine ထုတ်လွှင့်မှုများအတွက် HAASTA တိုက်ခိုက်ရေးဒရုန်းက ခြေရာခံရှာဖွေထောက်လှမ်းနိုင်မည်ဖြစ်ပြီး ပစ်မှတ်အဖြစ် စိစစ်ခွဲခြားသိရှိပြီးနောက် ရန်သူဒရုန်းများကို တိုက်ခိုက်ဖျက်ဆီးခြင်းမျိုးဖြစ်သည်။

HAASTA တိုက်ခိုက်ရေးဒရုန်းတွင် 5.45-Millimeter စက်သေနတ်တစ်လက် တပ်ဆင်ပေးထားပြီး အနာဂတ်တွင် 7.62-Millimeter သို့မဟုတ် 12.7-Millimeter ထိ တပ်ဆင်အသုံးပြုလာနိုင်ဖွယ်ရှိသည်။

HAASTA တိုက်ခိုက်ရေးဒရုန်းသည် လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၁၀ နာရီကြာ ပျံသန်းနိုင်စွမ်းရှိပြီး ဂြိုဟ်တုတစ်စင်းနှင့် ချိတ်ဆက်လုပ်ဆောင်ထားချိန်တွင် အကွာအဝေးစွမ်းဆောင်ရည်သည် အကန့်အသတ်မရှိ တာဝန်ထမ်းဆောင်နိုင်ကြောင်း သိရသည်။

HAASTA တိုက်ခိုက်ရေးဒရုန်းတွင် အသံထွက်ဆူညံသံနည်းပါးသော ပန်ကာများ တပ်ဆင်အသုံးပြုထားသည့်အပြင် Non-Satellite Navigation ဂြိုဟ်တုမဟုတ်သည့် အခြားနည်းလမ်းများဖြင့် လမ်းညွှန်ထိန်းကျောင်းမှုစနစ်များ၊ အသိဉာဏ်တုအပေါ် အခြေခံထားသော ထိန်းကျောင်းရေးစနစ်များ၊ လျှပ်စစ်သံလိုက်လှိုင်း ထုတ်လွှင့်မှုအပေါ် ရောင်ပြန်ဟပ်သော သာမိုပလတ်စတစ်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုထားသည်။

ထိုကဲ့သို့သော ဝိသေသလက္ခဏာများနှင့် စွမ်းဆောင်ရည်များသည် တိုက်ခိုက်ရေးဒရုန်းစနစ်သစ်အတွက် (Counter-Drone) တန်ပြန်ဒရုန်းစနစ်မှသည်ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ရေးရည်မှန်းချက်တာဝန်များပါ ကျယ်ပြန့်စွာအသုံးပြုနိုင်မည်ဖြစ်သည်။

HAASTA တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်ပျံသန်းမှုများနှင့် သရုပ်ပြပျံသန်းမှုများ အောင်မြင်စွာပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီလည်းဖြစ်ကြောင်း သိရသည်။

**Poland Unveils HAASTA Drone-Killing UAV ကို ဘာသာပြန်ဆိုထားပါသည်။**

## Raytheon ကုမ္ပဏီက ယူကရိန်းသို့ AMRAAM ဒုံးကျည် အစင်း ၁၀၀ ကျော် ပို့ဆောင်ပေးသွားမည်



အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီသည် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ချုပ်ဆိုထားသောဝယ်ယူရေးစာချုပ် တစ်စိတ်တစ်ပိုင်းအဖြစ် ယူကရိန်းသို့ အဆင့်မြင့်တာလတ်ပစ် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည် (AMRAAM) အစင်း ၁၀၀ ကျော် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၉၂ သန်းတန် အဆိုပါဝယ်ယူရေးစာချုပ်သည် Raytheon ကုမ္ပဏီက ရောင်းချပြီးသော AMRAAM ဒုံးကျည်များကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မတိုင်မီ ကုမ္ပဏီအနေဖြင့် ရောင်းချထားသောနေရာများမှ ပြန်လည်ဝယ်ယူသွားရန် ချုပ်ဆိုထားခြင်းမျိုးလည်းဖြစ်သည်။

စက်မှုလုပ်ငန်းမှ စစ်လက်နက်များထောက်ပံ့ရန် ယူကရိန်း လုံခြုံရေးအကူအညီပေးရေး လုပ်ဆောင်ချက်အောက်မှ ကနဦးပေးချေမှုအဖြစ် အမေရိကန်ဒေါ်လာ ၇၆၈၈၂၂၀ အသုံးပြုသွားမည်လည်းဖြစ်သည်။ အခြားတစ်ဖက်တွင် စက်မှုလုပ်ငန်းများက ပေးအပ်ခြင်းမျိုးမဟုတ်ဘဲ Presidential Drawdown Authority ဟူသော ခေါင်းစဉ်ဖြင့် အမေရိကန်သမ္မတခွင့်ပြုထားသည့် အမေရိကန်စစ်ဘက်ပိုင်လက်နက်တိုက်များမှ တိုက်ရိုက်ထုတ်နုတ်ပေးအပ်နေခြင်းမျိုးလည်း ရှိသေးသည်။

AMRAAM ဒုံးကျည်တစ်စင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ သန်းရှိပြီး စာချုပ်အရ ဒုံးကျည်အစင်း ၁၄၀ ကိုဝယ်ယူရန် ခွင့်ပြုခဲ့သည်ဟု ယခင်ပင်တဂွန်စစ်ဌာနချုပ်၏ AMRAAM ဝယ်ယူမှုများကိုကိုးကား၍ Defence Express သတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

ယူကရိန်းသည် အဆင့်မြင့် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ် (National Advanced Surface-to-Air Missile Systems)များတွင် ထည့်သွင်းတိုက်ပွဲဝင်နိုင်ရန် အမေရိကန်ထံမှ AMRAAM ဒုံးကျည်များကို လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရသည်။

သို့သော်လည်း နောက်ဆုံးစာချုပ်သည် ယူကရိန်းနိုင်ငံကို ဥရောပနိုင်ငံအချို့က ပေးအပ်ရန်ကတိပြုထားသည့် F-16 တိုက်လေယာဉ်များတွင် ဒုံးကျည်ကို တပ်ဆင်အသုံးပြုသွားရန် ရည်ရွယ်ထားဖွယ်ရှိသည်။

အဆိုပါစာချုပ်သည် ဥရောပနိုင်ငံများမှ အမေရိကန်ထုတ် တိုက်လေယာဉ်များ ယူကရိန်းသို့လွှဲပြောင်းခွင့်ပြုရန် အမေရိကန်က သဘောတူခွင့်ပြုခဲ့ပြီးနောက်ပေါ်ပေါက်လာခြင်းလည်းဖြစ်သည်။

ပင်တဂွန်မှ အကွာအဝေး ကီလိုမီတာ ၁၆၀ မှ ကီလိုမီတာ ၁၈၀ (၉၉ မိုင်မှ ၁၁၂ မိုင်)ထိ လွှမ်းခြုံနိုင်သော AMRAAM ဒုံးကျည်အချို့ကို ပြုပြင်မွမ်းမံမှုများပြုလုပ်ရန် မှာကြားထားကြောင်း စာချုပ်ကြေညာချက်အပေါ် ယူကရိန်းလေတပ်မှ ပြောရေးဆိုခွင့်ရှိသူ Yuriy Inhat က တုံ့ပြန်ပြောကြားခဲ့သည်။

"ရန်သူရဲ့လေကြောင်းရန်ကာကွယ်ရေးဇုန်ထဲကိုမဝင်ဘဲ ရုရှားတိုက်လေယာဉ်တွေကိုတိုက်ခိုက်ဖို့ ဒါကလုံလောက်ပါတယ်။ အကွာအဝေး ဝေးလေလေ ကျွန်တော်တို့ လေသူရဲတွေအတွက် ပိုလုံခြုံလေလေ၊ ရန်သူအတွက် ပိုအန္တရာယ်များလေလေ"ဟု Ukrinform သတင်းဌာနက လေတပ်တာဝန်ရှိသူများ၏ ပြောကြားချက်အပေါ် ကိုးကား၍ ရေးသားဖော်ပြထားသည်။

စာချုပ်အတွက် အသိပေးထုတ်ပြန်ချက်တွင် ယူကရိန်းသို့ပေးပို့မည့် AMRAAM ဒုံးကျည်သည် ဗားရှင်းနောက်တစ်မျိုးဖြစ်နိုင်သည်လားဆိုသည်ကို အတိအကျ ထုတ်ပြန်ထားခြင်းမျိုးမတွေ့ရပေ။ သို့သော် ဒုံးကျည်၏အကွာအဝေးကို ကိုးကား၍ AIM-120D ကိုဖြစ်နိုင်ခြေအရှိဆုံး ဒုံးကျည်မျိုးကွဲအဖြစ် Inhat က ခန့်မှန်းပြောကြားခဲ့သည်။

AIM-120D ဒုံးကျည်သည် အခြားမျိုးကွဲများထက် အကွာအဝေးစွမ်းဆောင်ရည် ပိုမိုများပြားပြီး GPS လမ်းညွှန်မှုနှင့် Jamming တုံ့ပြန်တိုက်ပွဲဝင်နိုင်စွမ်းတို့လည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Raytheon to Deliver Over 100 AMRAAM Missiles to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းစဉ်။



လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မင်္ဂလာလက်ဆောင် ပေးအပ်စဉ်။



လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒအမှူးပြုသည့် သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ လုမ္ဗိနီအင်ကြင်းပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်မှ စာသင်သားသံဃာတော်များနှင့် သာမဏေများအား နေ့ဆွမ်းလောင်းလှူစဉ်။

၂၂ ရှေ့ဖုံးမှအဆက်

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲစွာ ခရီးဦးကြိုပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သီရိမင်္ဂလာဓမ္မရတနာ သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ လုမ္ဗိနီအင်ကြင်းပင်ကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်မှ စာသင်သားသံဃာတော်များနှင့် သာမဏေများအား နေ့ဆွမ်းလောင်းလှူခဲ့ကြပြီး သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်က မင်္ဂလာလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးထံမှ ဩဝါဒများကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇော်တင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်း၌ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ နေပီယာမြက်၊ မုံပါးစားမြက်နှင့် တစ်သျှူးငှက်ပျောတို့ကို စိုက်ပျိုးထားရှိမှု၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ဖရီရှန်နို့စားနွား၊ ဘရာမင်အသားစားနွား၊ ဒေသနွား(နွားပြာစိမ်း)၊ ဆိတ်၊ DYL ဝက်နှင့် ငါး၊ ဥစားကြက်နှင့် အသားစားကြက်များ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါး၊ နို့နှင့် ဥများကို တပ်မတော်သားမိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် တိရစ္ဆာန်အစာစပ်လုပ်ငန်းမှ ကြက်စာနှင့် ဝက်စာများ ထုတ်လုပ်လျက်ရှိမှုနှင့် ပိုလျှံသည်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်များကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို တပ်ရင်းတပ်ဖွဲ့များနှင့် ပိုလျှံပါက ဒေသအတွင်း၌ပါ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးရန်လိုကြောင်း၊ နေကြာစိုက်ပျိုးမှုကိုလည်း စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းများ ယခုထက်တိုးတက်အောင်ဆောင်ရွက်ရန်လိုပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် စံပြအဖြစ် အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ တစ်သျှူးငှက်ပျောများကို တပ်ရင်းတပ်ဖွဲ့များ၌သာမက ဒေသဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပါ စိုက်ပျိုးနိုင်ရန်အတွက် တစ်သျှူးငှက်ပျောမျိုးများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချဆောင်ရွက်ပေးရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ နို့စားနွား၊ အသားစားနွား၊ ဒေသနွား၊ DYL ဝက်၊ ဥစားကြက်၊ အသားစားကြက်နှင့် ငါးများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လိုကြောင်း၊ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဥများကို တပ်မတော်သားမိသားစုဝင်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသကဲ့သို့ ပိုလျှံသည့် အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုကို ရောင်းချပေးခြင်းဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် အစာစပ်လုပ်ငန်းများမှ ထွက်ရှိသည့် တိရစ္ဆာန်အစာများကိုလည်း ပိုလျှံမှုများရှိပါက ဒေသခံမွေးမြူရေးလုပ်ငန်းများသို့ ရောင်းချပေးရန်လိုကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ဒေသတွင်း၌ စံပြဖြစ်အောင်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှု၊ DYL ဝက်များမွေးမြူထားရှိမှုနှင့် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် DYL ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၀**

ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E Ms. Elvira Azimova ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက်မှ ၈ ရက်ထိ ကာဇက်စတန်သမ္မတနိုင်ငံ အက်စ်တာနာမြို့တွင် "Constitutional Justice: Dignity, Freedom and Justice for All" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲကို ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနေ့နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅)နှစ်ပြည့်မြောက်ခြင်းတို့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းကို မြှင့်တင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ထိန်းကျောင်းမှုအခန်းကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် ထိရောက်သော ဖွဲ့စည်းပုံအခြေခံဥပဒေထိန်းကျောင်းမှုများ၊ နိုင်ငံသားများ၏ တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများ ရရှိစေရေး စသည့်အချက်များကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ကာဇက်စတန်သမ္မတနိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံး၊ တရားလွှတ်တော်ချုပ်တို့မှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်မင်းကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဗင်းနစ်ကော်မရှင်နှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံများမှ ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြပြီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းကို မြှင့်တင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ထိန်းကျောင်းမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေရှုထောင့်အမြင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးအတွေ့အကြုံများကို အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းနှင့်အတူ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရှုပါဦး တို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၀**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ခရီးစဉ်ကို တရုတ်ကွန်မြူနစ်ပါတီက တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မှုဝါဒ၊ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း၊ ပါတီတည်ထောင်မှုဆိုင်ရာ အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးသွားရန် ရည်ရွယ်၍ ဖိတ်ကြားထားခြင်းဖြစ်ပြီး တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီက ဆောင်ရွက်လျက်ရှိသော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆောင်ရွက်ပုံနည်းလမ်းများ၊ ပါတီတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်မည်ဖြစ်ပြီး လေ့လာရေးခရီးစဉ်သည် စက်တင်ဘာ ၁၀ ရက်မှ ၁၆ ထိ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဦးတင်မောင်ဆွေအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သဖင်(FM) အသံလွှင့်အစီအစဉ်

**၁၁-၉-၂၀၂၃ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇း၂၅ | ဗေဒင်တစ်ပတ်စာ |
| ၂။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၃။ | ၁၀း၄၆ | Master Chef |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးစဉ်။**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၇၈၀၁၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၇၈၀၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၇၆၈၀၄ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၈ ရက်ထိ ၇၈၀၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် ၁၂၀၉ ဧက တိုး၍စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးသီးနှံစုံ ၇၆၈၀၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ၇၈၀၁၃ ဧက စိုက်ပျိုးပြီးစီးပါပြီ။ လျာထားချက်ထက် ၁၂၀၉ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ တစ်နှစ်ထက်တစ်နှစ် မိုးသီးနှံစိုက်ပျိုးမှုက တော့ တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ ရာသီဥတုကောင်းမွန်တဲ့အတွက် မိုးသီးနှံတွေ တိုးစိုက်နိုင်တာပါ"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် စပါး ၃၄၀၉၇ ဧက၊ ပဲမျိုးစုံ ၁၆၉၄၂ ဧက၊ ဆီထွက်သီးနှံ ၇၂၉၈ ဧက၊ ကြံ ၅၁ ဧက၊ ဝါ လေးဧက၊ အခြားသီးနှံ ၁၈၀၇၂ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၇၈၀၁၃ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာများ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသ ဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါမကျရောက်အောင် ကာကွယ်နည်းလမ်းများကို ကွင်းဆင်းပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၀၃၄၀၀ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးသီးနှံစုံဧက ၇၆၇၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစုံ ၁၁၄၆၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

(၂၀၆)

# ချီဖွေမြို့နယ် ချစ်ဂေါ့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ချီဖွေ စက်တင်ဘာ ၁၀**

ကချင်ပြည်နယ် ချီဖွေခရိုင် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချစ်ဂေါ့၊ နုကြုံ၊ ဖျင်းလော့နှင့် ကျင်းယော်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၉ ရက်က ချစ်ဂေါ့ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးသန္တာက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ငွေကျပ် သိန်း ၄၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချစ်ဂေါ့၊ နုကြုံ၊ ဖျင်းလော့နှင့် ကျင်းယော်ကျေးရွာတို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သည့်အသင်းသား၊ အသင်းသူ ၂၃ ဦးကို ငွေကျပ်သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မော်ရှမ်းမြေ)**

# မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းဆိပ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးနှင့် မကွေးမြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများက သဖန်းဆိပ်ကျေးရွာမှ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက Chindwin Strategy ကုမ္ပဏီမှ တာဝန်ခံအား ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများကို သတ်မှတ်စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၅၀၉ သန်းဖြင့် သဖန်းဆိပ်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို Chindwin Strategy ကုမ္ပဏီက ယခုနှစ် ဇွန် ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ လူ ၁၁၉၁ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

**အိပိုးပိုး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧည်ယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပွာတိုရီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံ ဖလော်ရီဒါကျွန်းသို့ လီ ဟာရီကိန်းမုန်တိုင်း ဦးတည်တိုက်ခတ်နေ



**ဝါရှင်တန် စက်တင်ဘာ ၁၀**

လီဟုအမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံ ဖလော်ရီဒါကျွန်းသို့ ဦးတည်တိုက်ခတ်နေကြောင်း အမေရိကန် အမျိုးသား ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု KWQC သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လီ ဟာရီကိန်းမုန်တိုင်းသည် အမေရိကန် အရှေ့ဘက်ပိုင်းကမ်းခြေများသို့လည်း တိုက်ခတ်နိုင်ပြီး မုန်တိုင်းပြင်းအားများသည်အတွက် ပျက်စီးမှုနှုန်းလည်း မြင့်မားဖွယ်ရှိနေကြောင်း၊ မုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံ လီဝက်ကျွန်းမြောက်ဘက်ပိုင်း မိုင် ၃၀၀ အကွာသို့ ရောက်ရှိနေပြီး မုန်တိုင်းပြင်းအားမှာလည်း တစ်နာရီ ၁၁၅ မိုင်နှုန်းထိ မြင့်တက်နေကြောင်း အမေရိကန် အမျိုးသား ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

"လီ ဟာရီကိန်းမုန်တိုင်းဟာ အမေရိကန်အရှေ့ဘက်ပိုင်းကမ်းခြေတွေကို ဝင်ရောက်တော့မဲ့ အခြေအနေဖြစ်ပါတယ်။ အရှေ့ဘက်ပိုင်းကမ်းခြေတွေကနေတစ်ဆင့် ပွာတိုရီကိုနိုင်ငံဘက် ဦးတည်သွားနိုင်ပါတယ်။ မုန်တိုင်းပြင်းအားကို အဆင့် (၃) အဖြစ် သတ်မှတ်ထားပါတယ်။ ဒါပေမဲ့လဲ မုန်တိုင်းပြင်းအားကို အတိအကျသတ်မှတ်ဖို့က အချိန်စောနေပါသေးတယ်။ ပွာတိုရီကိုနိုင်ငံအတွင်း ဝင်ရောက်သွားရင် မုန်တိုင်းပြင်းအားဟာ အဆင့် (၅) ထိ မြင့်တက်သွားနိုင်ပါတယ်။ မုန်တိုင်းဟာ အန္တရာယ်ရှိတဲ့ အဆင့်ဖြစ်ပါတယ်"ဟု အမေရိကန် အမျိုးသား ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လီ ဟာရီကိန်းမုန်တိုင်းသည် လာမည့် ၄၈ နာရီအတွင်း ပွာတိုရီကိုနိုင်ငံသို့ ရောက်ရှိလာဖွယ်ရှိနေပြီး မုန်တိုင်းပြင်းအားအဆင့် (၃) အဖြစ် သတ်မှတ်ထားသော်လည်း ပြင်းအားအဆင့်ကို အတိအကျသတ်မှတ်ရန် ခက်ခဲနေကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# နယ်သာလန်နိုင်ငံ သည်ဟိတ်သ်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်မှုကို ရဲတပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များဖြင့် လူစုခွဲခဲ့

**အမ်စတာဒမ် စက်တင်ဘာ ၁၀**

နယ်သာလန်နိုင်ငံ သည်ဟိတ်သ်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ရုပ်ကြွင်းလောင်စာသုံးစွဲမှုရပ်တန့်ရေးအတွက် ဆန္ဒထုတ်ဖော်မှုကို ရဲတပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များဖြင့် လူစုခွဲခဲ့ကြောင်း နယ်သာလန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု UPI သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဆန္ဒထုတ်ဖော်သူဦးရေ များပြားခဲ့ကာ အများပြည်သူသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသည့်အတွက်ကြောင့် ရဲတပ်ဖွဲ့ဝင်များက ဆန္ဒထုတ်ဖော်သူများကို လူစုခွဲခဲ့ရန် သတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း ဆန္ဒထုတ်ဖော်နေသည့်လူအုပ်က ညွှန်ကြားချက်ကို လိုက်နာခဲ့ခြင်းမရှိသည့်အတွက် မီးသတ်ပိုက်များဖြင့် လူစုခွဲခဲ့ဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်ပိုက်များအသုံးပြု၍ လူစုခွဲခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိသေးကြောင်း သည်ဟိတ်သ်မြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဆန္ဒထုတ်ဖော်နေသူများမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သည့် Extinction Rebellion အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြပြီး အစိုးရကို ရုပ်ကြွင်းလောင်စာသုံးစွဲမှုရပ်တန့်ရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ဆန္ဒထုတ်ဖော်နေသည့် လူဦးရေ ၁၀၀၀၀ ကျော်မှ အများပြည်သူများအား အနှောင့်အယှက်ဖြစ်စေသူများကို ဖမ်းဆီးထိန်းသိမ်းမှုများလည်း ပြုလုပ်နေပြီး ဖမ်းဆီးထိန်းသိမ်းထားရသည့်လူဦးရေ ၂၄၀၀ ထက်မနည်းရှိနေကြောင်း နယ်သာလန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဆန္ဒထုတ်ဖော်နေသည့်လူအုပ်သည် သည်ဟိတ်သ်မြို့ရှိ A12 အဝေးပြေးလမ်းမကြီးတစ်လျှောက် ပြည့်နှက်နေပြီး ယာဉ်ကြောပိတ်ဆို့မှုများလည်းဖြစ်ပေါ်နေကြောင်း၊ ဆန္ဒထုတ်ဖော်သူများ၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးရေးနှင့် ပတ်သက်၍ အစိုးရက တစ်စုံတစ်ရာ တုံ့ပြန်ထားခြင်းမရှိသေးသကဲ့သို့ ဆန္ဒထုတ်ဖော်နေသည့်လူအုပ်ကို လူစုခွဲရေးကိုသာ အာဏာပိုင်အဖွဲ့အစည်းက ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်းဆက်**



# မော်ရိုကိုနိုင်ငံတွင် ငလျင်ကြောင့် သေဆုံးသူဦးရေ ၂၀၀၀ ကျော်ထိမြင့်တက်လာ

**ရာဘတ် စက်တင်ဘာ ၁၀**

မော်ရိုကိုနိုင်ငံတွင် စက်တင်ဘာ ၈ ရက်က အားကောင်းသည့် မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် မြေငလျင်စတင်လှုပ်ခတ်ခဲ့သော စက်တင်ဘာ ၈ ရက်မှ ယနေ့ထိ သေဆုံးသူဦးရေ ၂၀၀၀ ကျော်ထိ မြင့်တက်လာကြောင်း မော်ရိုကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု GMA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။


မော်ရိုကို ပြည်ထဲရေးဝန်ကြီးဌာနက မြေငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်ပြီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းကို စိစစ်ထုတ်ပြန်ခဲ့ရာတွင် သေဆုံးသူ ၂၀၁၂ ဦး ထိရှိလာခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၀၅၉ ဦးထိ ရှိနေပြီဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၂၀၅၉ ဦးအနက် ၁၄၀၀ ဦးမှာ စိုးရိမ်ရသည့် အခြေအနေဖြစ်သဖြင့် သေဆုံးသူဦးရေ ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျခဲ့သော အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းကာ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေပေးနေပြီး အသက်ရှင်လျက် လွတ်မြောက်ခဲ့သူများနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်းလည်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

မြေငလျင်သည် မာရာကက်ရှ်မြို့တွင် ဗဟိုပြုလှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ယူနက်စကို၏ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် အဆောက်အအုံများလည်း ပျက်စီးသွားခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် နိုင်ငံတကာ၏အကူအညီကို ရယူသွားရဖွယ်ရှိနေကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခဲ့သည့်နေ့ကို မော်ရိုကိုနိုင်ငံအတွက် ဝမ်းနည်းစရာအကောင်းဆုံးနေ့အဖြစ် သတ်မှတ်ထားပြီး မြေငလျင်စတင်လှုပ်ခတ်ခဲ့သည့်နေ့မှစတင်၍ ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် နိုင်ငံတော်အလံကို အလံတိုင်တစ်ဝက်သာ လွှင့်တင်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**



# ဝေးခဲ့ပြီဒီတစ်ခေါက်

ပြည့်ဖြိုးအောင်(သရက်ပြင်)




(၁)

ရွာမှ ကျွန်တော်ထွက်ခွာလာသည်မှာ ၁၀ နှစ်ရှိပြီဖြစ်သည်။ ယခု ကျွန်တော် ရွာကိုပြန်လာခဲ့ခြင်းသည် ရွာတွင် အတည်တကျနေထိုင်ပြီး တစ်ခုခုလုပ်ကိုင်စားသောက်ရန် လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော် နိုင်ငံခြားမှ ပြန်လာစဉ်က အဖေနှင့်အမေက ရွာဦးထွက်၍ လာကြိုကြသည်။ အမေသည် ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး မျက်ရည်ဝဲနေသည်။ အမေသည် မိသားစုအဆင်မပြေ၍ တက္ကသိုလ် ဆက်မထားနိုင်ဘဲ ပညာတစ်ပိုင်းတစ်စနှင့် နိုင်ငံခြားထွက် သွားရသော ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်ဟန်တူသည်။ သို့သော် ခရီးပန်းလာသဖြင့် ခဏအနားယူ ရေမိုးချိုးပြီး ထမင်းအတူစားကြရန် ပြောသည်။ ညီလေးကောင်းမြတ်ပင် အသက် ရှစ်နှစ်ရှိနေပြီ ကျွန်တော့်ကိုအပြင်မှာမမြင်ဖူး၍ အကဲခတ်နေပုံပေါက်သည်။ ဤသို့ မိသားစုစုံစုံလင်လင်ဖြင့် ထမင်းဝိုင်း၌မစားဖူးသည်မှာ ဆယ်နှစ်မျှကြာခဲ့ပြီ။ ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်သော ထမင်းဝိုင်းမဟုတ်ပါလော။ ထမင်းစားရင်းအမေက-

"အေးလေ သားရွာမှာအတည်တကျနေပြီး နိုင်ငံခြားကို မသွားချင်လဲမသွားတော့နဲ့ပေါ့။ ဒါပေမဲ့ ဒီမှာနေရင်တော့ ဒီအလုပ်တွေလုပ်ပြီး ဘဝကို ရှင်သန်ရမှာပဲ။ လောကမှာ ဥစ္စာမရှိရင် လုပ်ချင်တဲ့အလုပ်တွေကို မလုပ်နိုင်ဘဲ လက်လွှတ်ဆုံးရှုံးရတာက ပိုများတယ်"

အဖေနှင့် ညီလေးကတော့ ဘာမှမပြောဘဲ သူ့ထမင်းသူစားနေကြသည်။ ခဏနေတော့ ဆွေမျိုးများရောက်လာကာ ကျွန်တော့်ကို ကြည့်ပြီး ချောသွားတယ်၊ အသားတွေ ဖြူသွားတယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ် ပြောနေကြသည်။ အဖေနှင့်ညီလေးကတော့ ကျွန်တော်ပါသည့် ချိုချဉ်၊ မုန့်များကို အိမ်လာသူများကို ပေးနေသည်။ ထိုညနေသည် ကျွန်တော့်ဘဝ၏ ပျော်ရွှင်စရာ ညနေတစ်ခုဆိုလျှင်ပင် မမှားနိုင်ပေ။

(၂)

အမေသည် အိမ်ရှေ့လမ်းဝတွင် အမွှေးတိုင်ထွန်းနေသည်။

"ဩော် . . . သိန်းသိန်း လာလေ၊ အထဲဝင်ထိုင် သမီးသူငယ်ချင်းမင်းသား သနပ်ခါးလိမ်းနေတယ်ကွဲ့"

အမေသည် ကျွန်တော့်အနားလာ၍

"သား သိန်းသိန်းရောက်နေတယ်၊ သားကို သတင်းလာမေးတာနဲ့တူတယ်။ အဲဒီမိန်းကလေးကလေးအမေနဲ့တွေ့ရင် သားသတင်းကို ခဏခဏမေးတယ်။

ကျွန်တော် သနပ်ခါးလိမ်းပြီးသောအခါ ဝဝတုတ်တုတ်နှင့် ကလေးတစ်ယောက်ကို ရင်ခွင်တွင်တင်ပြီး အိမ်ရှေ့က သရက်ပင်အောက် ကွပ်ပျစ်တွင် ထိုင်နေသောမိန်းမတစ်ယောက်ကို တွေ့လိုက်သည်။ သူမသည် ကျွန်တော့်ကို အပြစ်သားတစ်ယောက်ကို ကြည့်သောမျက်နှာနှင့် ကြည့်နေသည်။ ကျွန်တော်က ကွပ်ပျစ်ပေါ်ထိုင်တာနှင့်

"နင်အတော် ချောသွားတာပဲ မင်းမြတ်။ ငါ့အတွက် ဘာတွေပါလဲ"

"ဘာမှ မပါပါဘူး"

သိန်းသိန်းကဆက်၍ ပြောသည်။

"သိတယ် ဘာမှပါမှာမဟုတ်ဘူးဆိုတာကို"

"မဟုတ်ပါဘူးဟာ၊ ငါစတာပါ။ နင့်အတွက် ပါပါတယ်"

"ပေးလေ ဒါဆို"

"ဒါနဲ့ အဲတာ နင့်ကလေးလား"ဟု မေးလိုက်ရာ။

"ဟုတ်တယ်၊ သမီးလေး သုံးနှစ်တောင်ပြည့်တော့မယ်။ ငါနဲ့တော့ မတူဘူး၊ သူ့ဖအေနဲ့တူတယ်"

ကျွန်တော်သိသော တစ်ချိန်ကသိန်းသိန်းမှာ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် ချစ်စရာကောင်းသည်။ ယခု ကျွန်တော်မြင်သော သိန်းသိန်းနှင့် မတူပေ။ ယခုကား ဝဝတုတ်တုတ် ပါးဖောင်းဖောင်းနှင့် အပြစ်ကင်းစင်သော အိမ်ရှင်မတစ်ဦးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူနှင့်ကျွန်တော်သည် ငယ်ငယ်ကတည်းက ကျောင်းတက်ဖော်၊ ကျောင်းတက်ဖက် ပြောမနာ၊ ဆိုမနာ သူငယ်ချင်းများဖြစ်သည်။ သူမှာ ဆယ်တန်းအောင်ပြီးသည်နှင့် တက္ကသိုလ်ဆက်တက်၍ ယခုဆရာမတစ်ဦးဖြစ်နေပြီ။ သူ၏ယောကျ်ား ကိုထွန်းဝေမှာလည်း ကျောင်းဆရာတစ်ယောက်ဖြစ်သည်။

(၃)

နေဝင်သွား၍ အလင်းရောင်က တစ်စတစ်စပျောက်လာသည်။ ညတွင် လေက နည်းနည်းလေးတိုးနေသည်။ ရွာမှသူငယ်ချင်း ဗိုလ်ဆန်းဌေးအိမ်က အရက်ဝိုင်းမှာ ဆူဆူညံညံအသံများထွက်နေသည်။ ကျွန်တော်သည် အိမ်အောက်က ခုံတန်းလျားပေါ်တွင် တိတ်တဆိတ်ဝင်ထိုင်လိုက်သည်။ ကျွန်တော်ရောက်နေသည်ကို သူတို့သိကြဟန်မတူ။ အရီးမြက ကျွန်တော့်ကို မြင်သည်နှင့်-

"မင်းမြတ် သားသူငယ်ချင်း ပုလင်းလေး နေ့လယ်က အိမ်ခေါင်မိုးပြင်တဲ့သူတွေနဲ့ သောက်နေကြတယ်။ သားရောက်တာ မသိသေးဘူးနဲ့တူတယ်"

အရီးမြက ထိုင်ရာမှ

"ဆန်းဌေး နင့်သူငယ်ချင်း မင်းမြတ်ရောက်နေတယ်"ဟု အော်လိုက်သည်။

ဗိုလ်ဆန်းဌေးမှာ အရက်အလွန်သောက်သဖြင့် ရွာမှလူများက ပုလင်းဟု နာမည်ပြောင်ပေးထားသည်။ ခဏကြာမှ ဗိုလ်ဆန်းဌေးသည် ဖက်ကြမ်းတစ်ပိုင်းကို လက်ကြားညှပ်၍ -

"မင်းကွာ အသံမပေး၊ ဘာမပေးနဲ့ တိတ်တိတ်လေးဝင်ထိုင်နေတယ်။ ဒီကိုလာလေ ငါတို့သောက်ပြီးရင် အတူတူ ထမင်းစားကြတာပေါ့"

"ငါထမင်း စားပြီးပြီကွ၊ အရက်မသောက်တော့ဘူး"

တကယ်တော့ စိတ်ထဲက သောက်ချင်နေသည်။ အရက်ဝိုင်းတွင် ဇော်ဝင်း၊ ဗိုလ်ဆန်းဌေးနှင့် အခြား ရှစ်ယောက်ရှိသည်။ သူတို့ကမူ အတင်းတိုက်၍ သောက်လိုက်ရာ တစ်ခွက်ပြီး တစ်ခွက် လက်က ချ၍ မရတော့ပေ။ ဇော်ဝင်းက

"မင်းမိန်းမ မယူသေးဘူးလားပြောရာ"

"မင်းယူမယ်ဆိုရင်တော့ ယီတစ်ယောက်လုံးရှိသေးတယ်ကွာ၊ ငါတော့မယူတော့ဘူး"

ဗိုလ်ဆန်းဌေးက စကားထိုးလိုက်ရာ ဘေးနားက ကောင်ကလေးများက မြောက်ထိုးပင့်ကော်နှင့် ကျွန်တော့်ကို စနေကြသည်။ ကျွန်တော်လည်း အရှိန်နည်းနည်း တက်နေပြီဖြစ်၍ -

"ငါမိန်းမယူဖြစ်ရင်လေ မင်းတို့ကို တစ်လလောက် အရက်ပေးတိုက်မယ်"ဟုပြန်စလိုက်သည်။

(၄)

စက်လှေသည် ဆိပ်ကမ်းနားတွင် ကပ်နေပြီ။ ချောင်းရေများက လေ၏ အရှိန်ကြောင့် တဖျတ်ဖျတ်မြည်ကာကမ်းနားကိုရိုက်ခတ်နေကြသည်။ ကျွန်တော်သည် စစ်တွေမြို့မှ ဆွေမျိုးအိမ်သို့ အလည်သွားရန် စက်လှေမထွက်သေး၍ ဖောင်တော်ဦး၌ထိုင်စောင့်နေသည်။ ကောင်မကလေး တစ်ယောက်သည် ထီးလေးဆောင်းပြီးလာနေသည်။ ကျွန်တော်သေသေချာချာကြည့်လိုက်ရာ ယီဖြစ်နေသည်။

ယီ၏အမည်ရင်းမှာ ဆန်းဒါယီဖြစ်သည်။ သူသည် ရွာသူကြီး၏သမီးဖြစ်ပြီး သူ၏ ဆွေမျိုးများမှာ ငွေကြေး အသင့်အတင့်ရှိကြသည်။ ယီနှင့် ကျွန်တော်မှာ ကျောင်းနေဖက် ငယ်သူငယ်ချင်းများဖြစ်ကြသည်။

ယီက အနားရောက်လာ၍

"မင်းမြတ် နင်ဘယ်နေ့ကရောက်တာလဲ၊ ယီနဲ့လဲ အဆက်အသွယ်မရှိဘဲ"

"ငါရောက်နေတာ ကြာပြီ ယီ၊ နင်မြို့မှာနေတော့ သိမှာမဟုတ်ဘူးလေ။ အဆက်အသွယ်မှမရှိတာ"

"ဟုတ်တယ်၊ ယီလဲ မနေ့ကပဲ ရွာရောက်တာ မနက်ဖြန် အလုပ်ဆင်းရမှာမို့လို့ ဒီနေ့ ပြန်တာ"

ယီသည် ယခု ရှေ့နေမ တစ်ယောက်ဖြစ်နေပြီ။ သူနှင့် ကျွန်တော်၏ဘဝမှာ များစွာကွာခြားနေသလို ခံစားရသည်။

"နင်အတော် ချောသွားတာပဲ ယီ။ ဒါနဲ့ အခုထိ ယောကျ်ားလို နေတုန်းပဲလား"

"မဟုတ်ပါဘူးဟာ ယီ ရှစ်တန်းကနေ မိန်းကလေးလိုနေတာ၊ မင်းမြတ် မြင်တာပဲလေ"

ယီတို့အိမ်မှာ မိန်းကလေးဆိုလို့ ယီတစ်ယောက်သာရှိပြီး ကျန်သုံးယောက်သည် ယောကျ်ားလေးဖြစ်သဖြင့် ယီ၏ ငယ်ငယ်က နေပုံထိုင်ပုံမှာ ယောကျ်ားဆန်သည်။

"ဒါနဲ့ယီ နင့်ကိုငါ ပြောစရာစကားနည်းနည်းရှိလို့"

"ပြောလေ၊ ဘာပြောမလဲ"

"စက်လှေပေါ်ရောက်မှ ပြောတော့မယ်"

စက်လှေသည် ဆိပ်ကမ်းမှ ထွက်ခွာပြီဖြစ်ရာ ချောင်းဘေးတွင် လမုတော၊ ဓနိတောများဖြင့် သာယာနေသည်။

"မင်းမြတ် နင် ယီကို ပြောစရာရှိတယ်ဆို ဘာပြောမှာလဲ"

ကျွန်တော်သည် ယီ၏ မျက်နှာကို အသေအချာကြည့်ပြီး-

"ယီ နင့်မှာရည်းစားရှိနေပြီလား"ဟုမေးလိုက်ရာ ယီကရှက်နေသောမျက်လုံးဖြင့် မျက်လွှာကိုအောက်ချ၍ -

"အရင် တက္ကသိုလ်တက်တုန်းက ရည်းစားတော့ ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ ယီ တတိယနှစ်ကတည်းကနေ ပြတ်သွားတာ အခုထိတော့ မရှိသေးဘူး။ ယီလေ ရည်းစားမထားချင်တော့ဘူး အပျိုကြီးပဲ လုပ်မလို့ စိတ်ကူးထားတာ"

"ယီမှတ်မိသေးလား၊ ဆယ်တန်းတုန်းက ယီကို ချစ်ကြောင်းပြောခဲ့တာကို။ စာမေးပွဲအောင်တော့မှ စဉ်းစားပေးမယ်ဆိုပြီး ပြောခဲ့တာလေ။ အဲဒီတုန်းက အောင်စာရင်းထွက်တော့ ယီကို ငါစောင့်နေသေးတယ်။ ဒါပေမဲ့ ယီမှရွာကို ပြန်မရောက်ခဲ့တာ"

ယီသည် ဆယ်တန်းဖြေပြီးကတည်းက မြို့က သူ့အမေ ညီမအိမ်မှာနေကာ Speaking တက်နေခဲ့ပြီး အောင်စာရင်းထွက်ပြီးသည်ထိ ရွာကို မရောက်ခဲ့ချေ။

"အဲလေ ငါနင်ချစ်တာကိုတော့၊ ယုံပါတယ်မင်းမြတ်"

"ဒါဆို အဖြေပေးတော့လေ"

"ကလေးမှမဟုတ်တာ မင်းမြတ်ရာ၊ ငါစဉ်းစားအုံးမယ်၊ နင် နှစ်ပတ်လောက် စောင့်ပေး"

"ဒါနဲ့ ငါ့ဖုန်းနံပါတ်ယူထားအုံး မင်းမြတ်။ ငါလဲ နင့်ဖုန်းနံပါတ် ယူထားမယ်၊ ဖေ့စ်ဘွတ်အကောင့်ပါပြောလေ"

"ငါ့နာမည်ပါပဲ၊ အင်္ဂလိပ်လို ရိုက်ရှာကြည့်လိုက် တက်လာလိမ့်မယ်"

ကျွန်တော်သည် အတော်လေးပျော်သွားခဲ့သည်။ အချိန် နှစ်ပတ် ကြာ၍ ညနေရောက်သောအခါ ယီထံမှ ဖုန်းဝင်လာရာ ကျွန်တော်အလွန် ပျော်သွားသည်။

"ဟဲလို မင်းမြတ်လား"

"ဟုတ်ကဲ့ ယီ"

"နင့်ကိုငါ စောင့်ခိုင်းတာ ဒီနေ့ဆို နှစ်ပတ်ပြည့်ပြီနော်"

"ဟုတ်"

"စိတ်မကောင်းဘူးမင်းမြတ်။ နင့်ကိုငါ ဘယ်လိုမှ ခံစားလို့မရဘူး"

ကျွန်တော်၏စိတ်သည် လူမမာတစ်ယောက်လို ညှိုးသွားသည်။ ရင်ခုန်သံများကား ရင်ဘတ်ပွင့်ထွက်လာအောင် ခုန်နေသလို ဖြစ်နေသည်။ မျက်လုံးများလည်း မှုန်သွားသည်။ ကျွန်တော်သည် ဘာပြောရမှန်းမသိ၍ -

စာမျက်နှာ ၂၅ သို့ ➤

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧကကို ဇွန်လပထမပတ်က စတင်၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့မှာ မိုးစပါး ၁၄၀၂၃ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တဲ့ အကူအညီတွေနဲ့ နည်းပညာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီစေဖို့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ ကြိုတင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်။ လက်ရှိ မိုးစပါးတွေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးတွေလဲ တစ်ဧကပျမ်းမျှတင်း ၁၀၀ ကျော်ထိထွက်ရှိအောင် ပြင်ဆင်စိုက်ပျိုးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

အဆိုပါ မိုးစပါး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးကောင်းမျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ စပါးမျိုးစေ့အသုံးပြုမှုမှန်ကန်စေရန်၊ ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုတတ်စေရန်၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာများ အသုံးပြုစိုက်ပျိုးနိုင်ရန် စသည့်နည်းစနစ်များကို လယ်မြေများထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရယ်မြို့နယ် ဟိုခိုု(မချီနု)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရယ် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုခို (မချီနု)ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင် ဦးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၂၅၉ သန်းဖြင့် ဆောင်ရွက်သည့် ဟိုခို(မချီနု)ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မိုင်းရယ်မြို့နယ် ဟိုခို(မချီနု) ကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံ နှစ်လက်မ PVC ရေပိုက်များဖြင့် စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ အိမ်သွယ်ရေတိုင် ၁ ဒသမ ၄ ဖာလုံ သွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၀၄)

➤ စာမျက်နှာ ၂၄ မှအဆက်

"နင့် သဘောပါပဲ ယီ၊ ငါကတော့ ရင်ခုန်သံများစွာနဲ့ စောင့်နေခဲ့တာ။ အခုတော့ ငါ့ရဲ့ အိပ်မက်တစ်ခုပျက်သွားပြီပေါ့လေ။ ဘာပဲဖြစ်ဖြစ် ကျေးဇူး တင်ပါတယ် ယီ"

"စတာပါဟာ နင်ဒီလိုပြောမှာ ငါကြိုသိတယ် မင်းမြတ်။ နင့်ကိုငါ တကယ် ချစ်ပါတယ်"

ကျွန်တော်၏ စိတ်များသည် ပြန်လည်မာကျောလာသည်။ ဘဝ၏ ပထမဆုံးရည်းစားဖြစ်၍ စိတ်ကတအားပျော်နေသည်။ ကျွန်တော်သည် ဘာဆက်၍ ပြောရမှန်းမသိတော့ချေ။

တစ်ရက် တစ်ရက်လာလျှင် ဖုန်းပြော၊ message ပို့ဖြင့် ကျွန်တော်၏ အချိန်များကို ကုန်လွန်လာခဲ့သည်။ ကျွန်တော်၏ စိတ်ထဲတွင် ယီသာ ရှိနေသည်။

(၅)

တစ်လခန့်ကြာသောအခါ ယီဆီသို့ စာပို့၍မရတော့ပေ။ ကျွန်တော်က သူမှာ ဖုန်းများ ပျက်သွားသလားဟုထင်မိသည်။ သတင်းလည်း ဘာမျှ မကြားရတော့ချေ။ ဖုန်းဆက်လျှင်လည်း မဝင်တော့ပေ။ ဤသို့ နှစ်ရက်နေ၍ ကျွန်တော်သည် ဖုန်းလည်းမဆက်ဖြစ်တော့ပါ။ စိတ်တွေကသိကအောင့်ဖြစ်လာ၍ ညနေကျလျှင် အရက်သောက်၊ ထမင်းစားချိန်မမှန် အိမ်က အမေနှင့်အဖေကပြော စသည်ဖြင့် အိမ်နှင့် အဆင်မပြေ ဖြစ်လာသည်။

ဤသို့ဖြင့် နှစ်လခန့်ကြာသောအခါ ကျွန်တော်သည် အိပ်ရာမှ စောစောထ၍ ဒီနေ့မှစ၍အရက်မသောက်တော့ပါဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ငါဘာများအပြစ်ရှိလို့ ဒီလိုလုပ်သွားတာလဲ၊ ယီ ကျွန်တော့်ကို ဘာကိစ္စနှင့် ယခုလိုအဆက်အသွယ်မလုပ်တော့တာလဲ ကိုယ့်စိတ်ကို စဉ်းစား၍မရဖြစ်ပြီး စိတ်ကို ပြန်ဖြေနေရသည်။

"ငါသည် ဘာမှ ပြောင်းလဲမှုမရှိပါဘူး။ သူပဲပြောင်းလဲသွားတာ ဖြစ်လိမ့်မယ်။ ငါသည် အသည်းကွဲပြီး အရက်တွေသောက် ဘဝကိုဒီအတိုင်းနေရင် ပိုပြီးအခြေအနေဆိုးရွားသွားလိမ့်မယ်။ ဒါကြောင့် ငါအရက်မသောက်တော့ဘူး။ လုပ်စရာရှိတာကိုသာ အကောင်းဆုံးလုပ်တော့မယ်။ အရာအားလုံးကအချိန်တန်ရင်ပြီးသွားမှာပါ"စသည်ဖြင့် ကိုယ့်စိတ်ကို ပြန်ဖြေလိုက်သည်။

နောက်တစ်ရက် နံနက်အစောကြီးတွင် ယီ ယောက်ျားရသွားပြီဖြစ်ကြောင်း အမေဈေးမှကြားလာသည်။ ရုံးတွင် သူနှင့်အတူတူနေသည့် ရှေ့နေတစ်ယောက်နှင့် မနေ့ကလက်ထပ်လိုက်ပြီဖြစ်ကြောင်း သူ့ဦးလေးပြောနေသည်ဟု အမေကပြောသည်။ သို့သော် ကျွန်တော်၏စိတ်တွင် မျက်ရည်နည်းနည်းစို့မိသည်ကလွဲ၍ ဘာမျှ မခံစားရတော့ချေ။ ဖုန်းကို ဖွင့်ကြည့်လိုက်တော့ ဖုန်းနံပါတ်အသစ်ဖြင့် ဖုန်းတစ်လုံး ခေါ်ထားသည်ကို တွေ့လိုက်သည်။ ကျွန်တော် ပြန်ဆက်လိုက်ရာ-

"ဟဲလို"

"ဟုတ်ကဲ့ မင်းမြတ်၊ ငါ ယီပါ။ ဒါကငါ့ယောက်ျားရဲ့ ဖုန်းနံပါတ်ပါ"

"အေးလေ နင်လဲ နင့်ဘဝနဲ့နင်ဆိုတော့ သာယာနေပြီပေါ့"

"နင်ထင်သလို မဟုတ်ဘူး မင်းမြတ်။ ငါနင့်ကို တကယ်ချစ်ခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် အခုလိုဖြစ်သွားတာကို နင့်ကိုငါ တောင်းပန်ပါတယ်"

"ရပါတယ်ယီ နင်သဘောပါပဲ"

"အရာ အားလုံးအတွက် နင့်ကို တောင်းပန်ပါတယ် မင်းမြတ်"

ကျွန်တော်သည် ယခုမှစို့နေသောမျက်ရည်များ အပြင်ထွက်လာသည်။ အော်၍ ငိုရန်ပြင်သော်လည်း ကိုယ့်အသက်အရွယ်နှင့် ဘေးပတ်ဝန်းကျင်ကို ပြန်ကြည့်၍ တိတ်တခိုးငိုခဲ့သည်။

"ဖုန်းချလိုက်တော့မယ်နော် ကိုကို လာနေပြီ"

ဖုန်းချပြီးနောက် ကျွန်တော်သည် ခြေကုန်လက်ပန်းကျသွားသည်။ သို့သော် လွန်သွားသောအချိန်ကို ပြန်မရသဖြင့် ကျွန်တော်ဘာမျှ မလုပ်နိုင်ခဲ့တော့ပါ။ နှစ်ရက်အကြာတွင် ကျွန်တော်လည်း အသုံးကျပ်လာသဖြင့် နိုင်ငံခြားပြန်သွားရန် အမေ့ကို ပြောသည်။

"သား သဘောပဲ၊ သွားချင်လဲသွားပါ"

နောက်နေ့နံနက်တွင် ကျွန်တော်အဖေနှင့် အမေကို ဦးချပြီး ညီလေးကို မမြင်၍မေးကြည့်ရာ အိပ်ရာမှမထသေးသဖြင့် နဖူးလေးကိုအသာလေး နမ်းကာ ရွာမှထွက်ခွာလာသည်။ အဖေနှင့်အမေက လေယာဉ်ကွင်းထိ လိုက်ပို့ပေးသည်။

## နှလုံးလှသည့် တို့မြန်မာ

\- မိုးရေပြင် ကွင်းလုံးပြည့်
မြင်ရပေ့ သည်ချိန်ခါ၊
လဝါဆို ဝါတွင်းလ
အချင်းလှစွာ၊
ဥပုသ်သီတင်း ကုသိုလ်လွှာ
ပြုကြရာ ဘိုးဘွားများ၊
တရားဓမ္မသံ သာယာမှုဖြင့်
သာစုခေါ်ထား။

\- လယ်မြေပြင် စဉ်တစ်လွှား
ပင်စပါး စိမ်းစိုစို၊
လေနှင်ရာ ဘယ်ညာတိမ်း
ယိမ်းနွဲ့ကာပျို၊
ကျေးငှက်တို့ သံသာချို
ပွင့်ပန်းထိုထို ရောင်စုံသွေး၊
သဘာဝဖြင့် အသွင်ဆန်းအောင်
လန်းပါရဲ့လေး။

\- ဆည်းလည်းသံ လွင်လွင်အေး
စေတီလေး နံဘေးဝယ်၊
သီလယူ ပုတီးစိပ်
အေးရိပ်ခိုဖွယ်၊
သူမြတ်တို့ ဂုဏ်တင့်တယ်
ဝင့်ထည်ပေါ့ သဒ္ဒါမင်း၊
ပေးကမ်းလှူ ဝါဆိုပွဲရယ်နဲ့
နွှဲကြလေခြင်း။

\- မြစ်ချောင်းရေ ကန်အတွင်း
သားငါးလွှတ်ရင်း စိတ်ဖြူစင်၊
တစ်ဦးအပေါ် တစ်ဦးက
ဖေးမကာပင်၊
မြင့်မြတ်သည့် စိတ်ထားအသွင်
မာနလျှင် မရှိတတ်၊
တို့မြန်မာ နှလုံးလှလို့
ဘဝတွေမြတ်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# မိသားစုစိတ်ဓာတ်နှင့် မြန်မာလူမျိုးတို့၏ထမင်းဝိုင်းဓလေ့

**ကိုကျော်စွာ(ကျိုက်ပိ)**

စာရေးသူတို့မြန်မာမှုနယ်ပယ်တွင် မိသားစုဟူသော စကားကိုပြောဆိုသုံးနှုန်းကြသည်။ လူတိုင်းလူတိုင်းတွင်လည်း မိသားစုဟူ၍ ရှိကြသည်။ ကမ္ဘာပေါ်တွင် ရှိရှိသမျှသော သက်ရှိမှန်သမျှသည်လည်း အစုအဖွဲ့ဖြင့်လည်းကောင်း၊ မိသားစုဖြင့်လည်းကောင်း နေထိုင်ကြသည်။ တိရစ္ဆာန်များတွင်လည်း မိသားစုအသိုက်အမြုံ ရှိသည်။ လူတို့တွင်လည်း မိသားစုအသိုက်အမြုံ၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များရှိကြသည်။ မိသားစုဟူသည် အစုအဖွဲ့တစ်ခုကို ရည်ညွှန်းသောသင်္ကေတ၊ နှောင်ဖွဲ့မှုသင်္ကေတ၊ အနစ်နာခံခြင်း၊ ပေးဆပ်ခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်ဦးကိုတစ်ဦး အမှီတံကဲပြုခြင်း သင်္ကေတများပင်ဖြစ်သည်။

မိသားစုကို မြန်မာအဘိဓာန်တွင် "မိဘနှင့်သားသမီးအစု။ အိမ်သားစု"ဟု ဖွင့်ဆိုထားသည်။ မိသားစုတွင် အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမစသည်တို့ပါဝင်သကဲ့သို့ အချို့သော မိသားစုများတွင် အဖေ၊ အမေ၊ ညီကိုမောင်နှမများ၊ ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားစသည်တို့လည်း ပေါင်းစုပါဝင်နေကြသည်။ ထိုအသိုင်းအဝိုင်းကြီးသည်ပင် မိသားစုတွင် အကျုံးဝင်နေသည်။ မိသားစုတစ်စုတွင် အကြီးအကဲသည် ဖခင်(အိမ်ထောင်ဦးစီး)သာဖြစ်သည်။ ဖခင်ဖြစ်သူသည် မိသားစုတစ်ခုလုံးကို စီမံခန့်ခွဲရသည်။ အိမ်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးမှအစ ပညာရေးအဆုံး စီမံခန့်ခွဲရသည်။

သို့သော် မိသားစုတစ်စု ရေရှည်ရပ်တည်နိုင်ရန်ဆိုလျှင် ဖခင်တစ်ဦးတည်းဖြင့် ရပ်တည်၍မရသကဲ့သို့ မိခင်တစ်ဦးတည်းလည်း ရပ်တည်၍မရပါ။ ထိုနည်းတူစွာ အခြားသောမိသားစုဝင်များသည်လည်း တစ်ဦးတစ်ယောက်တည်း ရပ်တည်နေထိုင်၍ မရနိုင်ပေ။ အားလုံးပေါင်းစုနေမှသာ မိသားစုဟူသောအဓိပ္ပာယ် ပြည့်ဝပေမည်။ အိမ်ထောင်ဦးစီးဖြစ်သူဖခင်ကို ဇနီးမယားနှင့်သမီးသားတို့က မှီခိုနေရသကဲ့သို့ အခြားသော အိမ်မှုကိစ္စဆိုင်ရာများအတွက် ခင်ပွန်းသည်က ဇနီးနှင့်သမီးသားတို့ကို ပြန်လည်မှီခိုနေရပြန်သည်။ ဤကား မိသားစု၏ အပြန်အလှန်ဆက်သွယ်မှီခိုမှုပင်ဖြစ်သည်။ မိဘတို့က သားသမီးတို့ကို ပြုစုပျိုးထောင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ လူလားမြောက်အောင် ကျွေးမွေးပြုစုခြင်းတို့ရှိသကဲ့သို့ သားသမီးတို့ဘက်ကလည်း မိဘတို့ကို ပြန်လည်ပြုစုစောင့်ရှောက်ကြရသည်။ "ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ"ဟု ပင်ဆိုရပေမည်။ ဤသည်ပင် မိသားစု၏သင်္ကေတတစ်ခုပင်ဖြစ်ပါသည်။

မိသားစုတစ်ခုတွင် ဖခင်မရှိပါက ရပ်တည်ရန်ခက်ခဲသကဲ့သို့ မိခင်မရှိလျှင်လည်း ထိုအိမ်သည် အကွက်မဲ့ကြမ်းကဲ့သို့ ပရမ်းပတာဖြစ်နေပေလိမ့်မည်။ သားသမီးမရှိလျှင်လည်း ကန္တာရကဲ့သို့ ခြောက်သွေ့နေပြန်သည်။ ထို့ကြောင့် မိသားစုဟူသည် အမိအဖနှင့် သားသမီးစုံစုံလင်လင်ပြည့်စုံမှသာ သာယာချမ်းမြေ့သော ဂေဟာတစ်ခုဖြစ်ပေလိမ့်မည်။ ထို့ပြင် မိသားစုတွင် မိသားစုစိတ်ဓာတ်သည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ အကြောင်းမှာ မိသားစုတစ်ခုဖြစ်လာရန် မတူညီသောမိသားစုနှစ်ခုပေါင်းစပ်ထားခြင်းကြောင့်ဖြစ်သည်။ ထိုသို့ ပေါင်းစပ်ပြီးနောက် မိမိ မိသားစုတွင် မိသားစုစိတ်ဓာတ်ရှိရန်လိုသည်။ မိသားစုစိတ်ဓာတ်သည် ချစ်ခင်ကြင်နာမှုကို အခြေခံပြီး ဖေးမခြင်း၊ စောင့်ရှောက်ခြင်း၊ ကိုယ်ချင်းစာတတ်ခြင်း၊ အတ္တနည်းခြင်း၊ တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ရိုင်းပင်းကူညီခြင်း စသည်တို့ရှိနေရန်လိုသည်။ မိသားစုတွင် မတူကွဲပြားမှုများလည်းရှိနေတတ်သည်။ အများအားဖြင့် မြန်မာ့လူမျိုးမိသားစုများသည် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နေထိုင်လေ့ရှိကြသည်။

"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"ဟူသောဆိုစကားပင်ဖြစ်သည်။ ထိုဆိုစကားသည် ပတ်ဝန်းကျင်နှင့်သက်ဆိုင်သကဲ့သို့ မိသားစုနှင့်လည်း သက်ဆိုင်သည်။ မိဘ၊ ဘိုးဘွားတို့ကို ရိုသေကြရသည်။ မိမိ၏ ရွယ်တူများကို လေးလေးစားစားဆက်ဆံရမည်။ ငယ်ရွယ်သူ မောင်ညီမများကို သနားကြင်နာရပေမည်။ ထို့ပြင် မြန်မာလူမျိုးတို့၏မိသားစုတွင် မိဘဝတ်၊ သားသမီးဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ် ဟူ၍လည်းရှိသည်။ မိဘများကလည်း မိဘဝတ်ကျေကြသည်။ သားသမီးတို့ဘက်ကလည်း သားသမီးဝတ်ကျေရန်လိုသည်။ ဤကျင့်ဝတ်များသည် မိသားစုအတွင်း ရှိကြရပေမည်။ ဤကား မြန်မာမိသားစုများ၏ ယဉ်ကျေးမှုကျင့်ဝတ်များပင်ဖြစ်သည်။

မြန်မာမိသားစုဝင်များတွင် စိတ်ဓာတ်သည် အဓိကဖြစ်သည်ဟု စာရေးသူအထက်တွင် ဖော်ပြခဲ့ပါသည်။ ထို့နည်းအတူပင် မိသားစုအတွင်း အဓိကကျသော အချက်တစ်ချက်ရှိပါသေးသည်။ ၎င်းအချက်မှာ မိသားစုထမင်းဝိုင်း ခေါ် မိသားစုထမင်းပွဲဓလေ့ပင်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် စည်းလုံးသော၊ စုစုစည်းစည်းရှိသော လူမျိုးများဟု ဆိုရပေမည်။ ရှေးက ထမင်းစားရာတွင် ဖျပ်ခွက် ခေါ် ယနေ့ခေတ် ဆန်ကောနှင့်သဏ္ဍာန်တူသည့် ဗန်းထဲသို့ ထမင်းဟင်းအားလုံးရောထည့်ကာ အတူဝိုင်းဖွဲ့စားကြသည်။ ထို့နောက် နှီးဒေါင်းလန်း ခေါ် ခြေထောက်တပ်ဗန်းဖြင့် စုပေါင်းဝိုင်းဖွဲ့၍ လက်ရည်တစ်ပြင်တည်း စားလေ့ရှိကြသည်။ ၎င်းကိုဖော်ပြသည့် လက်ရည်တစ်ပြင်တည်း သီချင်းက သက်သေခံလျက်ရှိသည်။ လက်ရည်တစ်ပြင်တည်းသီချင်းကိုရေးသူမှာ နန်းတော်ရှေ့ဆရာတင် ဖြစ်ပါသည်။ "တံစို့ပေါ်မှာကင်တယ်မောင်ရယ်. . . ဆူလျှင်ခပ်ပြီး. . . ဟင်းရွက်ကန်စွန်းပေါင်းနဲ့. . . ရေအင်တုံဝယ် သောင်းပြောင်းရောလို့နယ်. . . ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကတော့ပို့ချစ်ကြတယ်"ဟူ၍လည်းကောင်း၊ "မိုးမျှော်ငရုတ်သီးထောင်းနဲ့ . . . ကိုဘိုကေရယ်. . . ဒေါင်းလန်းကြီးရဲ့ အလယ်" ဟူ၍လည်းကောင်းရေးစပ်ခဲ့သည်။ ထိုသီချင်းအရ ရှေးက နှီးဒေါင်းလန်းကြီးဖြင့်စားခဲ့ကြသည်။ ညီညွတ်ခြင်း၊ ချစ်ခင်ခြင်းကိုပြသည့်အပြင် တစ်ကိုယ်ကောင်းမဆန်တတ်သောမိသားစုစိတ်ဓာတ်ကိုပါ ရရှိစေသည်။

ရှေးက ဒေါင်းလန်းထဲတွင် ထမင်းဟင်းများ ရောထည့်၍ မိသားစုဝိုင်းဖွဲ့စားခဲ့ကြသည်။ ရှေးက မြန်မာလူမျိုးမိသားစုများ နှီးဒေါင်းလန်းဖြင့် စုပေါင်း၍ ထမင်းစားကြပုံကို စာဆိုဝန်ကြီးပဒေသရာဇာကလည်း "နွေဦးကာလ မြူထသောအခါ" တျာချင်းကဗျာတွင် "နှီးဒေါင်းလန်းကြီး၊ ချူးပြီးသောခါ၊ သမီးနှင့်သား၊ များလို့မဝင်သာ၊ ဒူးတစ်ဖက်ဟ၊ တွန်းကာဖယ်လျက်၊ သူထက်ငါလော၊ စားတော့မည်ဝေ"ဟူ၍ ရေးဖွဲ့ခဲ့သည်။ အဆိုပါအရေးအဖွဲ့အရ နှီးဒေါင်းလန်းတွင် ထမင်းဟင်းများ ချူးထည့်ကာ မိသားစုအားလုံးဝိုင်းဖွဲ့စားကြပုံကို မြင်ယောင်လာစေသည်။ အဆိုပါနှီးဒေါင်းလန်းထဲမှ ထမင်းဟင်းများကို လိုသလောက်မိမိဘက်သို့ ယူဆောင်ကာ စားသောက်ကြသည်။ ရှုံ့ရှာခြင်းမရှိပေ။ ရှေးကမြန်မာလူမျိုးတို့၏ ထမင်းစားပွဲဓလေ့တစ်ခုပင်ဖြစ်သည်။ နှီးဒေါင်းလန်းခေတ်ကုန်လွန်ပြီးနောက် ယနေ့ ပန်းကန်ဖြင့်စားသည့်ခေတ်သို့ ရောက်လာသည်။ သို့သော်လည်း မိသားစုထမင်းပွဲဓလေ့မှာ ပျောက်မသွားပေ။ ယနေ့တိုင်တည်ရှိနေသည်။ မြန်မာလူမျိုးတို့၏ ထမင်းဝိုင်း သို့မဟုတ် ထမင်းပွဲတွင် ယဉ်ကျေးမှုများ၊ စည်းကမ်းများရှိပါသည်။

> ❖ မိသားစုတချို့တွင် ဟင်းကို အမိ၊ အဖတို့အတွက် ပန်းကန်တစ်လုံးဖြင့် ဦးစွာခပ်ထားလေ့ရှိကြသည်။ ပြီးမှသာ ကျန်မိသားစုဝင်များက စားလေ့ရှိကြသည်။ ထိုဓလေ့ကို မြန်မာလူမျိုးတို့သည် အင်းဝခေတ် ဒုတိယမင်းခေါင်လက်ထက်ခန့်က စတင်ကျင့်သုံးနေကြောင်း သိရသည်။ ထမင်းစားရာတွင် ဦးချ၊ ဦးဖယ် မစားပါက ယဉ်ကျေးမှုကိုမလိုက်နာသကဲ့သို့ မိဘနှစ်ပါးကို မရိုသေ၊ မလေးစားသည်ဟုဆိုပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုကို လိုက်နာစေလိုသောအားဖြင့် ရှင်မဟာသီလဝံသက "တိလောကဟု၊ မရှုနိုင်းတူ၊ ဘက်မပြုသည့်"အစချီသော ဆုံးမစာတွင် "မိဦး ဘဦး ဆရာဦးကို၊ ချူး၍အလျှင်မစားနှင့်"ဟု ဆုံးမခဲ့သည်။ ❖

မိသားစုတစ်စုတွင် ဖခင်သည် အိမ်ဦးနတ်ဖြစ်သည်။ ထို့ကြောင့် မိသားစုထမင်းစားကြရာတွင် ဖခင်ဖြစ်သူကို ထမင်းပွဲ၏ထိပ်တွင် ထားရသည်။ အိမ်တစ်အိမ်၏ ခေါင်းရင်းကို ရှာဖွေသတ်မှတ်ရာတွင် ဘုရားစင်ရှိရာဘက်သည် ခေါင်းရင်းဟု သတ်မှတ်ကြသည်။ ဤကား အလွယ်ကူဆုံးနည်းဖြစ်သည်။ ဖခင်မရှိလျှင် မိခင်ကိုခေါင်းရင်း၌ ထားရသည်။ မိသားစုထမင်းပွဲတွင် ဖခင်ကခေါင်းရင်းတွင် ထိုင်ရပြီး မိခင်က ဖခင်၏ ဝဲဘက်တွင်ထိုင်ရသည်။ သားကြီးက ဖခင်၏ယာဘက်တွင်ထိုင်ရသည်။ သမီးကြီးက မိခင်၏ ဝဲဘက်တွင်ထိုင်ရသည်။ ထို့နောက် ကြီးစဉ်ငယ်လိုက် ထိုင်ကြရသည်။ ထို့ပြင် အိမ်၌ယဉ်ကျေးခြင်းမျိုးလည်း ရှိပါသေးသည်။ အိမ်၌ ယဉ်ကျေးခြင်းတွင် ထမင်းစားစဉ် ယဉ်ကျေးခြင်း သို့မဟုတ် စည်းကမ်းများ ရှိပါသည်။ ၎င်းတို့မှာ-

- မိဘအကြီးများမစားမီ ဦးစွာမစားရ။ လူကြီးမိဘများကို ဦးချပြီးမှသာ စားရမည်။
- ထမင်းစားရာတွင် ဖြည်းဖြည်းစား၍ ညက်ညက်ဝါးစားရမည်။
- ထမင်းလုတ်မရောက်မီ ပါးစပ်ကိုကြိုတင်မဟထားရ။ အသံမြည်အောင် မစားရ။
- ဟင်းရည်သောက်လျှင် အသံမမြည်စေရ၊ ဇွန်းနှင့်သွားကို မထိစေရ။
- ဟင်းပန်းကန်ကို လက်ဖြင့် မနှိုက်ရ။
- ထမင်းစားပြီးလျှင် ပါးစပ်မသုတ်ဘဲ ရေမသောက်မိအောင် သတိပြုရမည်။
- ထမင်းစားလျှင် ကိုယ်ကိုတည့်တည့်ထိုင်စားရမည်။ ကိုယ်တစောင်းမထိုင်ရ။
- ထမင်းစားပွဲပေါ် လက်မတင်ရ၊ လက်မထောက်ရ။
- စားပွဲပေါ်ရှိဟင်းပန်းကန်များကို ဟိုရွှေ့သည်ရွှေ့ မပြုလုပ်မိအောင်သတိထားရမည်။
- လက်ကို ထမင်းလုံးမကပ်ရအောင် သတိပြုရမည်။ စသည်တို့ဖြစ်သည်။

ထို့ပြင် ထမင်းစားရာတွင် လူစုံရှိနေပါက အမိ၊ အဖနှင့် အဘိုးအဘွားများကို ဦးချစားရမည်။ မိဦး၊ ဘဦး၊ ဆရာဦး ဟူ၍ ဦးသုံးဦးတွင် ဦးချစားခြင်းနှင့် ဦးဖယ်စားခြင်းဟူ၍လည်း ရှိပါသေးသည်။ ဦးချစားခြင်းသည် အမိ၊ အဖ၊ ဆရာသမား၊ လူကြီးသူမများနှင့်အတူတူထမင်းစားစဉ် ကြီးသူကို ဦးစွာ ဟင်းထည့်ပေးခြင်းမျိုးဖြစ်သည်။ ဦးဖယ်စားခြင်းတွင် အမိ၊ အဖတို့မရှိခိုက်အချိန်တွင် မိမိတို့စားမည့် စားဦးစားဖျားထဲမှ ထမင်းနှင့်ဟင်းကို ဦးစွာချူးခပ်၍ ဖယ်ထားခြင်းကို ဆိုလိုသည်။

မိသားစုတချို့တွင် ဟင်းကို အမိ၊ အဖတို့အတွက် ပန်းကန်တစ်လုံးဖြင့် ဦးစွာခပ်ထားလေ့ရှိကြသည်။ ပြီးမှသာ ကျန်မိသားစုဝင်များက စားလေ့ရှိကြသည်။ ထိုဓလေ့ကို မြန်မာလူမျိုးတို့သည် အင်းဝခေတ် ဒုတိယမင်းခေါင်လက်ထက်ခန့်က စတင်ကျင့်သုံးနေကြောင်း သိရသည်။ ထမင်းစားရာတွင် ဦးချ၊ ဦးဖယ် မစားပါက ယဉ်ကျေးမှုကိုမလိုက်နာသကဲ့သို့ မိဘနှစ်ပါးကို မရိုသေ၊ မလေးစားသည်ဟုဆိုပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုကို လိုက်နာစေလိုသောအားဖြင့် ရှင်မဟာသီလဝံသက "တိလောကဟု၊ မရှုနိုင်းတူ၊ ဘက်မပြုသည့်"အစချီသော ဆုံးမစာတွင် "မိဦး ဘဦး ဆရာဦးကို၊ ချူး၍အလျှင်မစားနှင့်"ဟု ဆုံးမခဲ့သည်။ မိသားစုထမင်းပွဲတွင် ဦးမဖယ်၊ ဦးမချခင်ပြုလေ့ရှိသော အလုပ်တစ်ခုလည်းရှိသည်။ ထိုအလုပ်ကား ဆွမ်းတော်ပွဲပြင်ခြင်းပင်ဖြစ်သည်။ ဆွမ်းတင်ဆွမ်းလောင်းခြင်း ကုသိုလ်ပြုပြီးမှသာ မြန်မာလူမျိုးတို့သည် ထမင်းပွဲပြင်ကာ စားလေ့ရှိကြသည်။ ထမင်းစားရာတွင် အများအားဖြင့် မိသားစုစုံစုံလင်လင်သာ စားလေ့ရှိကြသည်။ မိသားစုထမင်းပွဲသည် အဆိုပါ မိသားစုအတွက် အရေးပါသည်။ ထမင်းပွဲတွင် မိသားစု စုံသည့်အခါ လူကြီးမိဘများက သားသမီး၊ မြေး၊ မြစ်များကို ဆုံးမသင့်သည်များကိုလည်း ဆုံးမလေ့ရှိတတ်ကြသည်။ မိသားစုစီးပွားရေးကိုလည်း မေးမြန်းလေ့ရှိတတ်ကြသည်။ အိမ်ဦးနတ်ဖြစ်သော ဖခင်သည် နေ့စဉ် စား၊ ဝတ်၊ နေရေးကြောင့် အိမ်တွင်ရှိသည်က နည်းသည်။ မိသားစုထမင်းဝိုင်း သို့မဟုတ် မိသားစုထမင်းပွဲ၌သာ လူစုံသဖြင့် မိသားစုအရေး၊ စီးပွားရေး၊ သားသမီး၊ မြေးမြစ်တို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်အခြေအနေတို့ကို မေးမြန်းနိုင်သည့် တစ်ခုတည်းသော ဆုံမှတ်လေးတစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ ထမင်းပွဲသည် ပန်းကန်ခွက်ယောက်များ ပြောင်းလဲသွားသော်လည်း ယဉ်ကျေးမှုဓလေ့နှင့် စည်းကမ်းများသည် ယနေ့တိုင်အောင်တည်ရှိနေသည်။

စာရေးသူတို့အနေဖြင့် မိသားစုဟူသောအဓိပ္ပာယ်ကို ချစ်ခင်ကြင်နာခြင်း၊ ဖေးမခြင်း၊ ကူညီစောင့်ရှောက်ခြင်းတို့ဖြင့် လွှမ်းခြုံပေးရန်လိုသကဲ့သို့ မိသားစု စုံစုံလင်လင်ဖြင့် ထမင်းစားခြင်းဖြင့်လည်း စည်းလုံးခြင်းသဘော၊ လက်ရည်တစ်ပြင်တည်းသီချင်းထဲကကဲ့သို့ ညီညွတ်ခြင်းချစ်ခင်ခြင်းသဘော၊ တစ်ကိုယ်ကောင်းမဆန်ဘဲ မျှတခြင်းသဘော၊ မိသားစုနွေးထွေးမှုသဘော၊ စည်းကမ်းလိုက်နာတတ်ခြင်းသဘောနှင့် ယဉ်ကျေးမှုသဘောများပါဝင်နေသည်။ ယနေ့ခေတ်တွင် လူစုံလင်သောမိသားစုထမင်းဝိုင်းသည် ပျောက်ကွယ်လုဖြစ်နေပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ ထမင်းပွဲဓလေ့ကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းကြရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့ယဉ်ကျေးမှုနှင့်ကျင့်ဝတ်**
  **မောင်အုံ (မဟာဝိဇ္ဇာ-ဘုံဗေဒ)**
- **စားဓလေ့သောက်ဓလေ့**
  **ဆင်ဖြူကျွန်းအောင်သိန်း။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

## ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၇၂ ဒသမ ၅၀၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၁၀**

ယခုဘဏ္ဍာနှစ် ဧပြီလမှဩဂုတ်လထိ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၇၂ ဒသမ ၅၀၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာ-တရုတ်နယ်စပ်ဒေသများတွင် ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်း၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းဟူသည့် နယ်စပ်ကုန်သွယ်ရေးစခန်း ငါးခုကို ဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၉၅၀ ဒသမ ၅၇၇ သန်းဖိုး၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၇၅၅ ဒသမ ၅၉၆ သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၀၆ ဒသမ ၁၇၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်ရေးပို့ငွေ အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၉၈၁ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်အနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၇၄၆ ဒသမ ၇၃၃ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၂၅ ဒသမ ၇၇ သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၇၂ ဒသမ ၅၀၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ အဆိုပါကာလအတွင်း ကုန်သွယ်ရေးပို့ငွေအမေရိကန်ဒေါ်လာ ၄၂၀ ဒသမ ၉၆၃ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

## ဘားအံမြို့နယ် ကော့ဒါန်းမယ်ခေတ်မီစံပြကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ အောက်တိုဘာ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မူလ) ရန်ပုံငွေဖြင့် ကော့လှိုက်ကျေးရွာအုပ်စု ကော့ဒါန်းမယ် ခေတ်မီစံပြကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်၊ တာဝန်ခံအင်ဂျင်နီယာများနှင့်ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ နှစ်လက်မ PVC အရှည်ပေ ၉၀၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ကော့ဒါန်းမယ် ခေတ်မီစံပြကျေးရွာ၌ အဆိုပါ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၂၇ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကော်မတီစုဖွဲ့မှုဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကော့ဒါန်းမယ် ခေတ်မီစံပြကျေးရွာရှိ အိမ်ခြေ ၈၅ အိမ်၊ လူ ၄၅၅ ဦးအတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ပြောပြ၍ သိရသည်။

**နော်လှ**

# စင်ပေါ်ကစာအုပ်များ (၁၁)

**မန်းတင့်မော်**

ဆရာနှင့်တပည့်ဟူသည် လူသားတို့အသိဉာဏ် ဖွံ့ဖြိုးလာသည်မှ စတင်ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်များကဆိုသည်။ မြန်မာအဘိဓာန်တွင် ဆရာကို "ဆရာ၊ န-၁၊ ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ။ ၂၊ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ။ ၃၊ ယဉ်ကျေးသမှုဖြင့်ခေါ်သော စကားလုံး" ဟု ဖွင့်ဆိုပါသည်။ တပည့်ကိုမူ "တပည့်၊ ဒဗျိ၊ ဒတ္ထဲ၊ န-၁၊ ဆရာ့ထံမှ ပညာသင်ယူသူ။ အဆုံးအမခံယူသူ။ ၂၊ နောက်လိုက်ငယ်သား"ဟူ၍ ဖွင့်ဆိုထားပြန်သည်။

ပညာပေးသူ၊ တစ်နည်းအားဖြင့် သင်ကြားပြသသူကို ဆရာဟုဆိုပါလျှင် ဆရာတွင်သင်ကြားပြသရန် ပညာရှိနေရတော့မည်ဟု ဆိုနိုင်ပါသည်။ ပညာဟုဆိုလိုက်လျှင် အဆုံးအစမရှိသော ကောင်းကင်ပြင်သဖွယ် ကျယ်ပြန့်သကဲ့သို့ သမုဒ္ဒရာကဲ့သို့လည်း နက်ရှိုင်းလှပါသည်။ ပညာဆိုင်ရာအဓိပ္ပာယ်ကို အမျိုးမျိုးသတ်မှတ်ဖွင့်ဆိုခဲ့ကြသလို ယနေ့ထက်တိုင်လည်း ဆက်လက်၍ ဖွင့်ဆိုရန် လေ့လာဖော်ထုတ်နေဆဲပင်။ ပညာရပ်များကလည်း အသစ်အသစ်များစွာ နေ့စဉ်လိုလိုပင် ပေါ်ထွက်လျက်ရှိနေပြန်သည်။ ပညာကိုလိုလားသူတို့အတွက် ပညာတံခါးပေါက်များစွာကလည်း ဖွင့်ဟကြိုဆိုလျက်ရှိနေပါသေးသည်။ ကမ္ဘာကြီးကို ရွာကြီးတစ်ရွာဟု တင်စားပြောဆိုနေချိန်တွင် ကိုယ်တိုင်ပညာကို ဆက်သွယ်ရေးနည်းပညာ အသုံးပြု၍လည်း သင်ယူနိုင်ပြီလည်းဖြစ်ပါသည်။ "နောင်အခါတွင် သင်ကြားပြသသူ ဆရာမလိုအပ်လောက်အောင်ပင်ဖြစ်လာမည်"ဟု ဟောကိန်းထုတ်သူကလည်း ထုတ်နေသံများကို ကြားသိနေရပါသေးသည်။

ဆရာတပည့်ဆက်ဆံရေးဆိုသည်ကလည်း ပညာရေးတွင်မပါမဖြစ် ပါဝင်လျက်ရှိနေသည်။ မြန်မာ့ဓလေ့ထုံးတမ်းယဉ်ကျေးမှုတွင် ဆရာ့ကျင့်ဝတ်ငါးပါးနှင့် တပည့်ဝတ်ငါးပါးဟူ၍ လက်ဆင့်ကမ်းအမွေအဖြစ် ကျင့်သုံးကြရမည်လည်းဖြစ်သည်။ သို့သော် ဤဝတ္တရားများကို မကျေပွန်သော ဆရာနှင့်တပည့်များ များလာသည်ဟုလည်း ဆိုကြပြန်သည်။ ပြောင်းလဲတတ်သောသဘောတရားရှိပေရာ အချိန်ကာလအလျောက် အပြောင်းအလဲများကရှိစမြဲပင်။ သို့သော် မြန်မာ့ယဉ်ကျေးမှုတွင် ဆရာကတပည့်အပေါ် စေတနာထားသကဲ့သို့ တပည့်ကလည်း ဆရာ၏မေတ္တာစေတနာကိုခံယူလျက် ချစ်ကြောက်ရိုသေစမြဲပင်။ သို့သော် တစ်ခါတစ်ရံ ဆရာနှင့်တပည့်ကြားတွင် ဆက်ဆံရေးပြောင်းလဲလာတတ်သည်များလည်း ရှိတတ်ပြန်သည်။ ဆရာထက်တော်သောတပည့်များဟု ယူဆတတ်သော အယူအဆများ ရှိလာတတ်သည်။

မြန်မာတို့က မိဘကိုလက်ဦးဆရာဟု တင်စားသုံးနှုန်းတတ်သည်။ ထိုလက်ဦးဆရာက ဘဝနေနည်းပညာများကို သင်ကြားပေးသည်။ တစ်ဆင့်တက်လျက် ကျောင်းသင်ပညာရေးအတွက် မိမိတို့တတ်နိုင်သလောက် ကျောင်းများတွင်အပ်နှံ၍ ပညာသင်ကြားစေသည်။ မိဘဝတ္တရားကို လုပ်ရိုးလုပ်စဉ်အတိုင်း ကျောင်းထားရသည်ဆိုသော်လည်း မည်သည့်ကာလတွင်မဆို မိဘများတွင် လူအား၊ ငွေအား၊ စိတ်အားတည်းဟူသော "အားသုံးပါး"ကို အားထုတ်ရစမြဲပါ။ လက်ဦးဆရာပြီးလျှင် ကျောင်းသင်ဆရာထံရောက်တော့သည်။ အခါအခွင့်မသင့်သဖြင့် ကျောင်းသင်ပညာရေးကို မတက်ရောက်နိုင်သူများမှာ ဘဝကျောင်းကိုတက်ကြရာတွင်လည်း ဆိုင်ရာဆိုင်ရာလုပ်ငန်းခွင်များတွင် နည်းပေးလမ်းပြပေးကြသော အလုပ်ဆရာများနှင့် မလွဲမသွေ ကြုံဆုံပညာရယူလေ့လည်းရှိသည်။

ဆရာတပည့်ဆက်ဆံရေးဆိုင်ရာ ရေးသားမှတ်တမ်းပြုမှုများကလည်း များစွာရှိပါသည်။ ကမ္ဘာ့စာပေနှင့် မြန်မာ့စာပေသမိုင်းများတွင် ပညာရေးဆိုင်ရာအဆိုအမိန့်၊ အဆုံးအမများစွာကို တွေ့ကြရမည်လည်းဖြစ်ပါ

> ❖ဆရာတပည့်ဆက်ဆံရေးဆိုင်ရာ ရေးသားမှတ်တမ်းပြုမှုများကလည်း များစွာရှိပါသည်။ ကမ္ဘာ့စာပေနှင့် မြန်မာ့စာပေသမိုင်းများတွင် ပညာရေးဆိုင်ရာ အဆိုအမိန့်၊ အဆုံးအမများစွာကို တွေ့ကြရမည်လည်းဖြစ်ပါသည်။ ဆိုင်ရာဆိုင်ရာ ဘာသာရေးအဆုံးအမများတွင်လည်း ဆရာနှင့်တပည့်ကဏ္ဍများပါစမြဲပင်။ ဆရာမောင်ခင်မင်(ဓနုဖြူ)၏ မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီရသ စာတမ်းများစာအုပ်တွင် "မုသိကနှင့် စိန်ဗေဒါ"ဟူသော စာတမ်းတစ်ပုဒ်ပါရှိရာ ဆရာနှင့်တပည့်အကြောင်းအရာကို အခြေခံထားကြောင်း တွေ့ရပါသည်။ ❖

သည်။ ဆိုင်ရာဆိုင်ရာ ဘာသာရေးအဆုံးအမများတွင်လည်း ဆရာနှင့်တပည့်ကဏ္ဍများ ပါစမြဲပင်။ ဆရာမောင်ခင်မင်(ဓနုဖြူ)၏ မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီရသ စာတမ်းများစာအုပ်တွင် "မုသိကနှင့်စိန်ဗေဒါ"ဟူသော စာတမ်းတစ်ပုဒ်ပါရှိရာ ဆရာနှင့်တပည့်အကြောင်းအရာကို အခြေခံထားကြောင်း တွေ့ရပါသည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)နှင့် သူ၏သူငယ်ချင်း တက္ကသိုလ်ဆရာနှစ်ဦး ရန်ကုန်မြို့တွင်း စာအုပ်ဝယ်ထွက်ရာမှ မမျှော်လင့်ဘဲ ဆရာ့သူငယ်ချင်း၏တပည့်တစ်ဦးနှင့်ဆုံရာတွင် ဆရာကိုဆရာဟုပင်မခေါ်တော့ဘဲ "ကို"တပ်၍ခေါ်ပုံ၊ ကျောင်းဆရာဘဝကိုလှောင်သလိုနှိမ်သော အပြောမျိုးပြောသဖြင့် အံ့ဩရပုံတို့ကိုရေးပြသည်။ ထိုအချက်ကို "ကိုဝင်းဆွေပြောပြ၍ သိရသည်ကတော့ ထိုကိုခင်ထွန်းဆိုသည့် သူငယ်ကလေးသည် ကိုဝင်းဆွေအောက် ငါးနှစ်လောက်ငယ်သည်။ နယ်ကောလိပ်တစ်ခုတွင် ကိုဝင်းဆွေအမှုထမ်းစဉ်က ကိုခင်ထွန်းက ကျောင်းသား၊ ကျောင်းဆောင်တွင် အတူတူနေကြသည်။ ကိုဝင်းဆွေက ပထမနှစ်၊ ဒုတိယနှစ်သင်ရသည်။ ကိုခင်ထွန်းက ကိုဝင်းဆွေအတန်းတွင် တက်ရသည်။ အဆောင်ကျတော့လည်း စာပြပေးရသေးသည်။ ဘွဲ့ရပြီးနောက် ကိုခင်ထွန်း ရန်ကုန်ရောက်တာ သူ့နည်းသူ့ဟန်နှင့် ကြီးပွားသွားသည်ဟု သိလိုက်ရသည်။ လူချင်းမတွေ့သည်မှာကြာပြီ။ ယခုတွေ့လိုက်ရတော့ ကိုခင်ထွန်း အသွင်ပြောင်းနေပြီ။ သူ့ဆရာကို ဆရာဟုပင် မခေါ်တော့။ "ကိုဝင်းဆွေ"ဟု နာမည်တပ်ခေါ်ပြီ။ ခင်ဗျားနှင့်ကျွန်တော်နှင့် ပြောတော့သည်ဟု ရေးသားထားသည်။

ဆရာက ငါးရှင့်ငါးဆယ်ဇာတ်ဝတ္ထုလာ အလောင်းတော်ဂုတ္တိလဇာတ်ကို ခေါင်းထဲတွင်ပေါ်လာသည်ဟု ဆိုပါသည်။ ထိုဇာတ်လမ်းတွင် ဆရာက ဂုတ္တိလစောင်းဆရာကြီးဖြစ်၍ တပည့်မှာ မုသိကဖြစ်သည်။ ဆရာက တပည့်ကို စောင်းပညာသင်ပေးသည်။ ဆရာစားမချန် အလုံးစုံသင်ပေးသည်။ တပည့်က ဆရာတတ်သလောက်သူတတ်ပြီဟု အထင်ရောက်သည်။ ဆရာနှင့်တန်းတူလစာရရန် ရှင်ဘုရင်ထံတောင်းဆိုသည်။ ရှင်ဘုရင်က ဆရာတပည့်နှစ်ဦး စောင်းတီးပြိုင်စေသည်။ ဆရာက သောကရောက်၍ တပည့်ကသွေးနားထင်ရောက်နေသည်။ ဆရာ၏ဘက်မှ သိကြားမင်းဝင်ကူသည်။ စောင်းကြိုးများကိုပြတ်၍ တီးသည့်တိုင်ဆရာစောင်းမှစောင်းသံထွက်၍ တပည့်အရှုံးကြီးရှုံးရသည်။ အဆိုပါဇာတ်ကိုသတိပြုကာ ဆရာမောင်ခင်မင်(ဓနုဖြူ)က သူ၏သူငယ်ချင်းကိုဝင်းဆွေနှင့် ဂုတ္တိလဆရာကြီးတို့အတွက် စိတ်မကောင်းဖြစ်ရသည်ဟုဆိုသည်။

ဆရာနှင့်တပည့်တို့မှာ ပညာသင်ကြားချိန်တွင် သာမက တစ်သက်တာ လက်တွဲသွားကြရသည်များလည်းရှိပါသည်။ ဆရာထက်တော်သော တပည့်များက ဆရာကိုအထင်သေးခြင်းများကလည်း နေရာတိုင်းတွင်ရှိနေသည်။ ကိုယ်တိုင်ကျောင်းဆရာဘဝဖြင့် နှစ်ကာလများစွာဖြတ်သန်းခဲ့ရသဖြင့် ကိုယ်တွေ့ကြုံရသည်များ များစွာရှိပါသည်။ ဆရာဟုအသိအမှတ်မပြုလိုသူများကိုလည်း ကြုံခဲ့ရပေါင်းများပါသည်။ တက္ကသိုလ်ရပ်ဝန်းတွင် ရာထူးအငယ်ဆုံး သရုပ်ပြဘဝတွင် ကြုံခဲ့ရသူတပည့်များက သူတို့၏မိသားစုများနှင့် မိတ်ဆက်ပေးရာတွင် "လက်တွေ့ခန်းတွင်သင်ကြားသူ" ဟုမိတ်ဆက်ပေးခြင်းကိုလည်း ကျေကျေနပ်နပ်ခံယူခဲ့ရပါသေးသည်။

ဆက်လက်၍ ဆရာမောင်ခင်မင်(ဓနုဖြူ)က လူထုဒေါ်အမာရေးသားခဲ့သည့် "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ပါ နိုင်ငံကျော်နေမျိုးဇလကျော်သူဘွဲ့ရ ရွှာစားစိန်ဗေဒါအကြောင်းကို ဆက်လက်တင်ပြသည်။ ရတနာဂီရိတွင် သီပေါမင်း၏သမီးတော်များ နားထွင်းမင်္ဂလာတွင် ရွာစားစိန်ဗေဒါနှင့် စောင်းဆရာကြီး ဒေဝဣန္ဒာမောင်မောင်ကြီးတို့ သွားရောက်တီးမှုတ်ကြရာတွင် စိန်ဗေဒါက စောင်းသံသည် သူ့ဆိုင်းသံကိုမမှီနိုင်ဟုတွက်သည်။ တကယ်တမ်းစောင်းအလှည့်ကျသောအခါ စိန်ဗေဒါ၏တွက်ဆမှုမှားတော့သည်။ စိန်ဗေဒါက စောင်းဆရာကြီးကို အထင်သေးမိလေခြင်း၊ ပညာကြီးသူကို ပြစ်မှားမိလေခြင်းဟု နောင်တကြီးစွာရသည်။ တစ်ညလုံးအိပ်မရတော့။ နံနက်အရုဏ်တက်ချိန်တွင် စိန်ဗေဒါက စောင်းဆရာကြီးထံသွား၍ မိမိအပြစ်ကို ဝန်ချတောင်းပန်ကန်တော့သည်။ စောင်းပညာကိုသင်ပေးရန်လည်း တပည့်ခံသည်။ ဆရာကလက်ခံ၍ နောက်တစ်နေ့တွင် စိန်ဗေဒါ တက်ကြွစွာတီးသည်ဟု အကျဉ်းချုပ်သိရသည်။

အထက်ပါဖြစ်ရပ်ကိုဖတ်၍ ခံစားရပုံက ဆရာမောင်ခင်မင်(ဓနုဖြူ)က "ဤဖြစ်ရပ်ကလေးကို ဖတ်လိုက်ရသောအခါ စိတ်ထဲတွင် အလွန်ကြည်နူးပြီး ပေါ့ပါးသွားသည်။ ကြည်နူးရခြင်းမှာ မိမိကိုယ်တိုင်နိုင်ငံကျော်ဆိုင်းဆရာကြီးဖြစ်ပါလျက် ပညာကြီးသူကို ဆရာတင်ရန်ဝန်မလေးသော၊ ထက်ထက်သန်သန် ပညာလိုလားသော ဆရာကြီးစိန်ဗေဒါ၏ တပည့်ကောင်းစိတ်ဓာတ်ကို လေးစားဖွယ်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ဆရာတင်ထိုက်သော ပညာရှင်မှန်းသိလိုက်ရသည်နှင့် စိတ်ထဲတွင် စိတ်ထဲကပြစ်မှားမိသည်ကို တစ်ညလုံးနောင်တကြီးစွာ ရသည်ဆိုသော စိတ်ဓာတ်မျိုးကား ရှာမှရှားသည့် စိတ်ဓာတ်မျိုးဖြစ်သည်။ ပညာနှင့်ဆိုင်သော အသိုင်းအဝန်းတွင် ဤစိတ်ဓာတ်မျိုးပြန့်ပွားစည်ပင်လာမည်ဆိုလျှင်. . . ဟူ၍ ဖြစ်ရပ်ကိုသုံးသပ်ကာ ဖြစ်လိုသောဆန္ဒကို ရိုးသားစွာတင်ပြထားသည်။

ဆရာတပည့်ဆိုင်ရာများကား တင်ပြပြောပြစရာများစွာရှိနေပါသေးသည်။ ဆရာသမားအစဉ်အဆက်ဆိုခဲ့၊ မိန့်ခဲ့၊ လမ်းညွှန်ခဲ့ကြပြီးလည်းဖြစ်ပါသည်။ ကမ္ဘာ့စာပေနှင့်မြန်မာ့စာပေများစွာတို့တွင် ထင်ဟပ်ခဲ့ပြီးဖြစ်ပါသည်။ နိဂုံးအားဖြင့် တပည့်နှင့်ဆရာ ရေနှင့်ကြာသဖွယ် အစဉ်လန်းရွှင်ပါစေကြောင်းနှင့် ဆရာကောင်းတပည့်များ ပန်းကောင်းပန်နိုင်ကြပါစေကြောင်း ဆုမွန်ခြွေလိုက်ရပါသည်။

**ကိုးကား**

– **မောင်ရုပ်ဆိုးနှင့်မယ်မဒ္ဒီ**
**ရသစာတမ်းများ**
**မောင်ခင်မင်(ဓနုဖြူ)–၁၉၇၅**

## အင်းတော်မြို့နယ် အင်းရွာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်းတော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများ၊ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက အင်းရွာကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောနိုင်ဦးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၁ ဒသမ ၈၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အင်းရွာကျေးရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၃ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းရွာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားလာကြောင်း သိရသည်။

**ငယ်လေး**



ထားဝရလှပသော အပြုံးအတွက်

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ











ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ပဒေသာကပွဲ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း - ၀၂-၄၀၃၀၄၃၃၈၊ ၀၂-၄၀၃၀၄၃၃၉၊ ၀၉ ၆၇၈၉၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၉၂


## မြင်းခြံမြို့၊ ပရိယတ္တိသဒ္ဓမ္မပါလအသင်း (၇၁) ကြိမ်မြောက် စာမေးပွဲရက် ကြေညာခြင်း

(၇၁)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ စာမေးပွဲရက်မှာ အောက်ပါနေ့ရက်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။ ၁၃၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နှင့် (၂)ရက်နေ့များတွင် သီးခြားစာသင်တန်း အာဂုံပြန် ဖြေဆိုရမည်ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်မှ (၈)ရက်နေ့များတွင် ရေးဖြေ ဖြေဆိုရမည်ဖြစ်ပါသည်။ စာရင်းပေးသွင်းရက်မှာ ၁၃၈၅-ခုနှစ်၊ တော်သလင်းလဆန်း (၁)ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့နောက်ဆုံးထား၍ ဝင်ခွင့်စာရင်းပေးသွင်းရပါမည်။

စာဖြေသံဃာတော်များအားလုံး တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့မှ လပြည့်ကျော် (၈)ရက်နေ့အထိ စာဖြေဌာနသို့ နံနက်(၉း၃၀) နာရီ နေ့ဆွမ်းဘုဉ်းပေးပါရန် ကြွရောက်ပေးပါဘုရား။

ဖုန်း- ၀၉-၄၀၁၇၃၆၃၅၈၊ ၀၉-၈၉၉၉၄၄၄၇၆၊ ၀၉-၉၆၆၇၀၀၄၂၁

**မှတ်ချက်**

၁။ ဝင်ခွင့်လျှောက်လွှာများကို ဖုန်းဖြင့် ပေးပို့ခြင်း သည်းခံပါဘုရား။

၂။ စာတိုက်မှလည်းကောင်း၊ ကားဂိတ်များမှလည်းကောင်း အသင်းတိုက်သို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

၃။ သီတင်းကျွတ်လပြည့်မှ ကျော်လွန်၍ ရောက်ရှိသော ဝင်ခွင့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါဘုရား။

**အလုပ်အမှုဆောင်အဖွဲ့**
**ပရိယတ္တိသဒ္ဓမ္မပါလအသင်း**
**မြင်းခြံမြို့**


**ဝန်ထမ်းအလိုရှိသည်**

1. မြို့တွင်း Driver အမျိုးသား (3) ဦး (အိမ်နေ)
2. ရောင်း/မောင်း အမျိုးသား (2) ဦး
3. အထွေထွေဝန်ထမ်း အမျိုးသား (10) ဦး

အမှတ်စဉ် (1)နှင့်(2)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။စာရိတ္တကောင်းမွန်ရမည်။စိတ်ပါဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်၊ရဲစခန်းထောက်ခံစာ၊ယာဉ်မောင်းလိုင်စင်နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ အိမ်နေ/အိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်/** အမှတ်14, 85 St, 28×29 ကြား
02-4069291, 09-5069199

**ဖခင်အမည်မှန်**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ.ထ.က(ခွဲ)၊ လ-၅၊ Grade-8 တွင် ပညာသင်ကြားနေသော မယမင်းဦး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းထွန်းဦး ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဦး**
(၉/တသန(နိုင်)၁၅၅၈၄၀)

***Long Style Beauty Saloon***

ဖြောင့် / ကောက် / ဆေးဆိုး } *(30%) off*

ဆံပင်ညှပ်တာ အရမ်းလှတယ်။
(ကြိုတင်ဖုန်းဆက်လို့ ရပါတယ်)

**ဝန်ထမ်းအလိုရှိသည်**

66 st × 67 st, 38 st Corner, Ph; 09-2053849

စာအုပ်စာပေ လှူမိတ်ဆွေ

ကြိုတင် ကာကွယ် မီး အန္တရာယ်

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူပုဂ္ဂိုလ်တစ်ဦး အောင်မြင်တိုးတက်ဖို့ဆိုတာ အသိပညာ၊ အတတ်ပညာကြွယ်ဝမှုပေါ်မှာ တည်ပါတယ်။ ဒါဟာ လူတိုင်းအတွက် ပညာတတ်မြောက်မှုလိုအပ်တယ်ဆိုတာ ဖော်ပြတာပါ။ ဒါ့ကြောင့် ကျောင်းနေအရွယ်တိုင်း အတန်းပညာမြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှု အကျိုးရလဒ်ကို ရရှိစေပါလိမ့်မယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များကို တွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရတနာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်ဖွဲ့ကြီးကြပ်ရေးခေါင်းဆောင် ဗိုလ်မှူးကြီးဝေဆန်း(အငြိမ်းစား)၊နမ့်ခမ်းမြို့မပြည်သူ့စစ်ခေါင်းဆောင် ဦးအိုက်ဆမ်၊ ပန်ဆေးပြည်သူ့စစ်ခေါင်းဆောင် ဦးကျော်မြင့်၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**


ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေးစံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com